# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၆)၊ အမှတ် (၀၁၃)


**သံသရာ**

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။

ဗာလဝဂ်(ဓမ္မပဒ - ၆၀)



## နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် အီဂျစ်နိုင်ငံတို့မှ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်

စာမျက်နှာ-၃

## မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ ဆွေးနွေး

စာမျက်နှာ-၃

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် အောက်တိုဘာ ၁၃**

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ရှရီ နာရန်ဒရာ မိုဒီ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဂိုအာမြို့၌ ကျင်းပပြုလုပ်မည့် BRICS-BIMSTEC Outreach Summit သို့ တက်ရောက်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးကိစ္စများဆွေးနွေးရန် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်မည် ဖြစ်သည်။

(သတင်းစဉ်)

# ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုရရှိရေးအတွက် အစိုးရက အကောင်းဆုံးလုပ်ဆောင်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders နှင့် အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံ တွေ့ဆုံပြီးနောက် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်သည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် က မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ချိန်မှစ၍ နယ်သာလန်နိုင်ငံနှင့် မိတ်ဆွေနိုင်ငံအဖြစ် ဆက်ဆံခဲ့ရာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေး တိုးမြှင့်လုပ်ဆောင်သွားရန် ဆွေးနွေးခဲ့ပါကြောင်း ပြောကြားသည်။

နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders က မြန်မာနိုင်ငံ၏အခြေအနေမှာ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် များစွာတိုးတက်လာခဲ့ကြောင်း၊ ယနေ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးကို အဓိက ဆွေးနွေးခဲ့ပါကြောင်း၊ ပထမအချက်အနေဖြင့် နှစ်နိုင်ငံအကြား အပြန်အလှန် ဆက်ဆံရေး မြှင့်တင်ရန်၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ယင်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေးကို *စာမျက်နှာ ၄ ကော်လံ ၁* ◆



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး **Mr. Bert Koenders** တို့ ပူးတွဲသတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် (သတင်းစဉ်)


MPU

**MPU Card အသုံးပြုနိုင်သည့် နေရာများ**

ပြည်တွင်းရှိ ATM များတွင် ငွေသားထုတ်ယူနိုင်ခြင်း၊
POS တွင် ငွေပေးချေနိုင်ခြင်း၊
Ecommerce ဖြင့်
Online တွင်ဈေးဝယ်နိုင်ခြင်း။

**MPU Co-Brand Card အသုံးပြုနိုင်သည့် နေရာများ**

ပြည်တွင်းရှိ ATM ၊ POS ၊
Ecommerce တွင် အသုံးပြုနိုင်ပြီး၊
ပြည်ပသို့ ငွေကြေးသယ်ဆောင်ရန်
မလိုအပ်ဘဲ Card တစ်ခုတည်းဖြင့်
လွယ်ကူစွာ အသုံးပြုနိုင်ပါသည်။



ပေးချေလွယ်ကူ MPU

Tel: 09 421 182 017 myanmarpaymentunion www.myanmarpaymentunion.com

မြန်မာ့အလင်း

# ဆူညံသံကင်းသည့်ဝန်းကျင်

ခါတ်အားမကြာမကြာပြတ်တောက်ခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ လူသွားစင်္ကြံပေါ် ဈေးရောင်းခြင်း၊ ခရီးသည်နှင့် ခရီးသည်တင်ယာဉ်အင်အားမမျှခြင်းစသည့် ခေါင်းစဉ်တို့ကို တန်းစီပြောပြလိုက်သည်နှင့် ဤသည်တို့မှာ မြို့ပြကြီးတစ်ခု၏ နာတာရှည်ပြဿနာများဖြစ်သည်ဟု လူတိုင်းသိကြသည်။ ထိုနည်းတူစွာပင် အသံဆူညံမှုပြဿနာသည်လည်း မြို့ပြပြဿနာများအနက်မှ ပြဿနာတစ်ခုပင်ဖြစ်သည်။

ဆူညံသံများထွက်ပေါ်လာသည့် မူလရင်းမြစ်များစွာရှိသည်။ စက်ယန္တရားအမျိုးမျိုးမောင်းနှင်ရာမှ ထွက်ပေါ်လာသည့် ဆူညံသံများ၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ အခမ်းအနားများ၊ ပါတီများ၊ ကလပ်များ၊ ဘားများစသည်တို့မှ ထွက်ပေါ်လာသည့် ဆူညံသံများ၊ လမ်းမများပေါ်တွင် မောင်းနှင်သွားလာသည့် မော်တော်ယာဉ်များ၊ လူနေရပ်ကွက်များပေါ်ဖြတ်ကျော်ပျံသန်းသွားသည့် လေယာဉ်များ၊ သံလမ်းပေါ်ခုတ်မောင်းသွားသည့် ရထားများစသည်တို့မှထွက်ပေါ်လာသည့် ဆူညံသံများ၊ ဆောက်လုပ်ရေးလုပ်ငန်းကြီးငယ်များမှထွက်ပေါ်လာသည့် ဆူညံသံများစသည့်ပြင်ပဆူညံသံများအပြင် မိမိတို့နေထိုင်ရာ အိမ်တွင်းရှိ လူသုံး အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ဖျော်ဖြေရေးကိရိယာအမျိုးမျိုးတို့မှ ထွက်ပေါ်လာသည့် ဆူညံသံများစသည်တို့မှာ မြို့ပြတွင် နေထိုင်သူများ နေ့စဉ်ကြုံတွေ့ခံစားနေကြရသည့် ဆူညံသံများပင်ဖြစ်သည်။

မိမိတို့နေ့စဉ် အပြန်အလှန်ပြောကြားနေကြသည့် စကားပြောသံများမှာ အသံတိုင်းတာမှုယူနစ်အရ ၆၀ ဒက်စီဗယ်ခန့်ရှိသည်ဟုဆိုသည်။ ၇၀ ဒက်စီဗယ်အောက်နိမ့်သောအသံများကို အမှတ်တမဲ့မကြားကောင်းမကြားနိုင်သော်လည်း ၇၀ ဒက်စီဗယ်အထက်မြင့်သည့် ကျယ်လောင်သောအသံများမှာမူ မိမိတို့က နားထောင်မနေသည်ဖြစ်စေကာမူ နားထဲသို့ဝင်ရောက်လာကြ သည်။ ဆူညံသံကိုလက်မခံလိုသော်လည်း လက်ခံကြရသည်၊ မကြားလိုသော်လည်း ကြားကြရသည်ဟု သိပ္ပံပညာရှင်တို့က ပြောကြသည်။ ဆူညံသောအသံတို့က လူတို့အပေါ် စိတ်ပိုင်းအရရော ရုပ်ပိုင်းအရပါ ထိခိုက်စေသည်။ ဆူညံသံကြောင့် အိပ်စက်မရတော့ဘဲ အိပ်ရေးပျက်ပြီဆိုပါက နောက်တစ်နေ့တွင် လုပ်ငန်းခွင်၌ဖြစ်စေ၊ နေအိမ်၌ပင်ဖြစ်စေ စွမ်းဆောင်ရည်ကို ထိခိုက်စေသည်။ သွေးဖိအားပမာဏများ၊ နှလုံးသွေးကြောဆိုင်ရာရောဂါနှင့် နှလုံးရောဂါနှင့်ဆက်စပ်သည့် စိတ်ဖိစီးမှုဆိုင်ရာ အခြေအနေတို့ကိုဖြစ်ပေါ်စေသည်။ ဆူညံသည့်ပတ်ဝန်းကျင်က စဉ်းစားတွေးခေါ်မှုကိုပါ သိသိသာသာထိခိုက်စေသည်။ သည့်အတွက် သူတော်ကောင်းတို့ တရားရှာရာတွင် ဆိတ်ငြိမ်ရာကို ရွေးချယ်ကြရသည်။

သုတေသနစစ်တမ်းများအရ ဆိတ်ငြိမ်သည့်ပတ်ဝန်းကျင်၌ ကြီးပြင်းခဲ့ရသောကလေးငယ်များသည် စိတ်ရှည်ခြင်း၊ သည်းခံတတ်ခြင်း၊ အကြောင်းအရာတစ်ခုကို စေ့ငုသေချာစွာစဉ်းစားတတ်ခြင်း၊ စာနာထောက်ထားခြင်း၊ နားလည်ခွင့်လွှတ်ခြင်းစသည့် လူမှုဆက်ဆံရေးနယ်ပယ်၏ အရေးကြီးလှသော စိတ်နေသဘောထားအရာ၌ ပိုမိုသာလွန်ပြည့်စုံကြောင်းတွေ့ရသည်ဟုဆိုသည်။ ဒက်စီဗယ်မြင့်မားလှသောအသံကို အဆက်မပြတ်ကြားနေရပါက အဆိုပါဆူညံသံကြောင့် ကြားရသူကို အလွယ်တကူ ဒေါသထွက်စေသလို၊ ရုတ်တရက်ထွက်ပေါ်လာသည့် ဆူညံသံကလည်း ကြားရသူကို အထိတ်တလန့် ဖြစ်စေသည်။ မွေးကင်းစကလေးငယ်များနှင့် လေးဖက်ထောက်သွားသည့်အရွယ် ကလေးငယ်များ၏ ပတ်ဝန်းကျင်တွင် ကျယ်လောင်သောသီချင်းသံများကိုဖွင့်ထားခြင်းနှင့် ဆူညံသောအသံမျိုးစုံတို့ကိုအချိန်ကြာမြင့်စွာကြားနေရစေခြင်းတို့က ကလေးငယ်များကို ပုံမှန်ထက်နောက်ကျပြီးမှ စကားပြောစေနိုင်သည်ဟု သုတေသနပြုချက်တစ်ခုကလည်း ဖော်ပြခဲ့သည်။

လော်စပီကာခေါ် အသံချဲ့စက်များကို မြန်မာနိုင်ငံအနှံ့ ကျေးလက်တောရွာများတွင်ပါမကျန် သုံးစွဲခဲ့ကြသည်မှာ နှစ်ပေါင်း ၆၀ ခန့်ပင်ရှိခဲ့ပြီဖြစ်သည်။ အလှူမင်္ဂလာ၊ သာရေး၊ နာရေး၊ လူမှုရေးတို့တွင်လော်စပီကာကို မပါမဖြစ်သုံးစွဲခဲ့ကြသည်။ တစ်ရွာနှင့် တစ်ရွာကြားအောင် ကျယ်ကျယ်လောင်လောင် ဖွင့်လှစ်ခဲ့ကြသည်။ ယနေ့ခေတ် လူနေထူထပ်လာသည့် မြို့ပြဝန်းကျင်၌မူ လော်စပီကာသည် ပြဿနာတစ်ရပ်ဖြစ်နေချေပြီ။ မြို့ပြ၏ဆူညံသည့် အသံအရင်းအမြစ်များစွာထဲတွင် လော်စပီကာက ထိပ်ဆုံးမှ ဝိုလ်စွဲသူပင်ဖြစ်သည်။ လော်စပီကာကိုစည်းနှင့်ကမ်းနှင့် စနစ်တကျသုံးစွဲဖို့ ဥပဒေစည်းမျဉ်း စည်းကမ်းတို့ရှိပြီး ဖြစ်သည်။ ဥပဒေစည်းမျဉ်း စည်းကမ်းတို့နှင့် အညီသာသုံးစွဲဖို့သင့်သည်။ မည်သို့ပင်ဆိုစေကာမူ ဆူညံသံကင်းသည့်ဝန်းကျင်ကသာ နေပျော်ဖွယ်ရာဖြစ်ပါလိမ့်မည်။ ။



## ကျန်းမာရေးအသိပညာပေး

**တောင်ငူ အောက်တိုဘာ ၁၂**

ဇီကာဗိုင်းရပ်စ်နှင့် ဂျပန်ဦးနှောက်ရောင်ရောဂါများအကြောင်း အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၁ ရက်က ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းဖြိုးသိန်းက ဇီကာဗိုင်းရပ်စ်အကြောင်းနှင့် ဂျပန်ဦးနှောက်ရောင် ရောဂါအကြောင်းကို လည်းကောင်း၊ တိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာခိုင်စန္ဒာအောင်က ဆေးယဉ်ပါးတီဘီရောဂါအကြောင်းကို လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# စည်းကမ်းမဲ့ရပ်တန့်သည့်ယာဉ်များကြောင့် လမ်းပိတ်ဆို့မှုနေ့စဉ် ကြုံတွေ့နေရ

**တောင်ငူ အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီးအတွင်း တောင်ငူမြို့သည် မြို့တွင်းဆိုင်ခန်းမျက်နှာများ ချဲ့ထွင်ခြင်းအပြင် ဈေးလမ်းများတစ်လျှောက် စည်းကမ်းမဲ့ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသော ယာဉ်များကြောင့် ယာဉ်လမ်းပိတ်ဆို့မှုများ နေ့စဉ်လိုလိုဖြစ်ပေါ်လျက်ရှိနေကြောင်း မြို့ခံများက ပြောသည်။

"ဆိုင်ခန်းတွေက ရှေ့မျက်နှာစာထုတ်ရောင်းချကြတာတွေရယ်၊ ကုန်တင်ယာဉ်တွေနဲ့ ယာဉ်ငယ်တွေကပါ အချိန်အတော်ကြာရပ်ထားတော့ ဆိုင်ကယ်တွေရော အခြားယာဉ်တွေပါ ပိတ်ကုန်ပါတယ်။ ဈေးလမ်းထဲမှာဆို နေကတအားပူ ရှေ့တိုးလို့မရ နောက်ပြန်ဆုတ်လို့မရနဲ့ အလွန်ဆိုးပါတယ်" ဟု တောင်ငူမြို့ခံ တစ်ဦးက ပြောသည်။

မော်တော်ယာဉ်နှင့် ဆိုင်ကယ်စီးရေ အဆမတန် များပြားလာခြင်းမှာလည်း ယာဉ်ကြော ပိတ်ဆို့ခြင်းအပြင် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်စေနိုင်သည်။

စည်းကမ်းမဲ့ ရပ်နားသည့် ယာဉ်များကြောင့် လမ်းသွားလမ်းလာများ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာမှ ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**



## တောင်သူများသို့ သွင်းအားစုများထောက်ပံ့

**ပွင့်ဖြူ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် မျိုးသန့်စံပြကွက်တောင်သူများနှင့် မိုးသီးနှံစံပြကွက် တောင်သူများအား မျိုးစေ့နှင့် သွင်းအားစုများထောက်ပံ့ပေးအပ်ပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးခန်းမ၌ အောက်တိုဘာလဒုတိယပတ်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အမှာစကားပြောကြားပြီး တောင်သူများလက်ဝယ်အရောက် သွင်းအားစုများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဝင်းက မျိုးစေ့နှင့် သွင်းအားစုထောက်ပံ့ပေးရခြင်း ရည်ရွယ်ချက်နှင့် မိုးစပါးများအထွက်နှုန်းတိုးတက် ကောင်းမွန်ရေးအတွက် အကျယ်တဝင့်ရှင်းလင်းပြီး ခရိုင်သီးနှံကာကွယ်ရေး တာဝန်ခံ ဦးသိန်းဝင်းက စပါးခင်းများတွင် ကျရောက်တတ်သော ဖြုတ်ပိုး၊ ဆစ်ပိုးနှင့် ရောဂါများအကြောင်းနှင့် ကာကွယ်နှိမ်နင်းရန် နည်းလမ်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲသို့ မိုးစပါးစံပြကွက်စမ်းသပ်ကွက်နှင့် မျိုးသန့်ထုတ်တောင်သူ ၁၄ ဦး၊ မြေပဲ ဂျစ်မဆမ်မြေသြဇာ စမ်းသပ်စိုက်တောင်သူတစ်ဦး၊ ဖူးစားပြောင်း စမ်းသပ်ကွက်စိုက် တောင်သူနှစ်ဦး၊ တောင်ပေါ်ဒေသပုလဲသွယ် စမ်းသပ်စိုက် တောင်သူ ခြောက်ဦးတို့အား သီးနှံအလိုက် မျိုးသန့်စေ့များ၊ သွင်းအားစုများဖြစ်သည့် ယူရီးယားမြေသြဇာ၊ ကျောက်မှုန့် မြေသြဇာ၊ ဇီဝစူပါရွက်ဖျန်းမြေသြဇာ၊ မျိုးစေ့ဘူးနယ်စေးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မေမိုးသဲ**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၂-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၆ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၈ ・ ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂ ・ ၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅ ・ ၇၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ ・ ၈၈၆ |
| တရုတ် | တစ်ယွမ် | ၁၈၇ ・ ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ ・ ၁၃ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၃၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၃၇၊ Fax ၀၁-၈၆၀၄၅၄၆။

# မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာ ဝန်ကြီး H. E. Mr. Jean ASSELBORN နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ညှိ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ လူဇင်ဘတ်နိုင်ငံမှ မြန်မာနိုင်ငံအား အကူအညီပေးနေမှုများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာ ဝန်ကြီး H. E. Mr. Jean ASSELBORN အား လက်ခံတွေ့ဆုံစဉ်**

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် အီဂျစ်နိုင်ငံတို့မှ သံအမတ်ကြီးများ ခန့်အပ်လွှာပေးအပ်



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စ လုသို့ဗွန်းအား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စ လုသို့ဗွန်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ဆော့ချီသည် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် လည်းကောင်း၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ ခါလဒ်မိုဟာမက် အဗ္ဗဒဲလ်ရာမန် အဗ္ဗဒဲလ်ဆာလမ်သည် ယနေ့ညနေ ၃ နာရီခွဲတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်းတို့၏ သံအမတ် ခန့်အပ်လွှာများကို ပေးအပ်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်မှုများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးကျော်စွာစိုး<br>အမြဲတမ်းအတွင်းဝန်(သိပ္ပံနည်းပညာ)/<br>တာဝန်ခံညွှန်ကြားရေးမှူးချုပ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မန္တလေး)<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာဒေါ်ဝင်းအေး<br>ပါမောက္ခချုပ်<br>ကွန်ပျူတာတက္ကသိုလ်(မန္တလေး)<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မြန်မာသတင်းအချက်အလက်နှင့်<br>နည်းပညာတက္ကသိုလ်<br>စက်မှုနည်းပညာမြှင့်တင်ရေးနှင့်<br>ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

### နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ **(မိုး/ဇလ)**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံခြားဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး၊ ဩစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုရေးရာနှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး၊ ဒုတိယအတွင်းရေးမှူးချုပ်တို့နှင့် ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders နှင့် ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးနှင့် ဘက်စုံရေအရင်းအမြစ်စီမံခန့်ခွဲမှုကဏ္ဍ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H. E. Mr. Jean ASSELBORN နှင့် ယနေ့ နံနက် ၁၁ နာရီတွင် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆွေးနွေးကြသည်။

ဩစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Michael Linhart နှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုရေးရာနှင့် အရေးပေါ် ကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး၊ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ စတီဗင် အိုဘရိုင်ယန်နှင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် တွေ့ဆုံစဉ် မြန်မာအစိုးရအနေဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဦးစားပေးဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်အပါအဝင် မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးနေမှုကိစ္စများ၊ မြန်မာအစိုးရနှင့် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဩစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Michael Linhart တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders တို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် ရှိရင်းစွဲ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ တတိယအချက် အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးနှင့် လူမျိုးစုပြဿနာ၊ လူနည်းစုများအရေးနှင့် မတူညီသော လူမျိုးစုများအကြား ရှုပ်ထွေးခက်ခဲသည့် ပဋိပက္ခများကို ဖြေရှင်းရာတွင် ချင့်ချိန်ပြီး စနစ်တကျ ဖြေရှင်းရန် လိုအပ်ကြောင်း၊ ယမန်နေ့က ရခိုင်ပြည်နယ်သို့ ရောက်ရှိခဲ့စဉ် ဒေသခံများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ပြီး အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ရခိုင်အရေးကိစ္စမှာ ရှုပ်ထွေးပါကြောင်း၊ ဒုက္ခရောက်နေသော ဒေသခံများထံ လူသားချင်းစာနာ ထောက်ထားသည့် အကူအညီများ ရောက်ရှိရေးနှင့် ဒေသခံများ လွတ်လပ်စွာ သွားလာရေးမှာ အရေးကြီးပါကြောင်း၊ ခရီးစဉ်အတွင်း ဧည့်ဝတ်ကျေပွန်မှုနှင့် နယ်သာလန်သံရုံး ဖွင့်လှစ်ခွင့်ပြုခဲ့မှုတို့အပေါ် မြန်မာအစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားကြရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြဿနာကို အကောင်းဆုံးဖြစ်အောင်၊ မျှမျှတတဖြစ်အောင် တရားဥပဒေစိုးမိုးရေး နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကြိုးပမ်းနေသည်ဆိုသည်ကို ကမ္ဘာ့နိုင်ငံများအားလုံးသို့ အသိပေးပြောကြားလိုပါကြောင်း၊ အကြမ်းဖက်ပဋိပက္ခများ ဖြစ်ပွားရသည့် ဇာစ်မြစ်များကို ရှင်းရှင်းလင်းလင်းမသိရသေးသဖြင့် မည်သူ့ကိုမျှ စွပ်စွဲသွားမည် မဟုတ်ပါကြောင်း၊ အထောက်အထားခိုင်လုံမှုသာ စွဲချက်တင်သင့်လျှင် တင်မည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးနှင့်ပတ်သက်၍ မြန်မာအစိုးရအနေဖြင့် အကောင်းဆုံး ကြိုးစားဖြေရှင်းနေပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှု တိုင်ကြားချက်များအပေါ် စုံစမ်းစစ်ဆေးမှုများ စနစ်တကျ ပြုလုပ်နေပါကြောင်း၊ ထိုအခြေအနေများမှာ နှစ်ပေါင်းများစွာ အမြစ်တွယ်လာသည့်အတွက် နေ့ချင်းညချင်းဖြေရှင်း၍ ရနိုင်မည်မဟုတ်ပါကြောင်း၊ နိုင်ငံတိုင်း၌ လူ့အခွင့်အရေးပြဿနာမှာ အနည်းနှင့်အများရှိကြပါကြောင်း၊ လူ့အခွင့်အရေး အဓိပ္ပာယ်မှာ ကျယ်ပြန့်သည်ဆိုသည်ကို အားလုံးနားလည် သဘောပေါက်ရန် လိုအပ်ပါကြောင်း၊ လူ့အခွင့်အရေး ပြဿနာကို အစိုးရတစ်ခုတည်း ကိုင်တွယ်ဖြေရှင်း၍မရဘဲ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိရေးအတွက် အစိုးရက အကောင်းဆုံး လုပ်ဆောင်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ အနောက်ပိုင်းဒေသသို့ ယမန်နေ့က သွားရောက်ခဲ့သော ခရီးမှာ အလွန်အကျိုးရှိသည့် ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါကြောင်း၊ ဒေသခံ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ကောင်းမွန်သော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ခက်ခဲနက်နဲသည့် ပြဿနာများကို ပြည်ထောင်စုအစိုးရအဖွဲ့က အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းနေသည်ဟု ထင်မြင်ပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

**မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြဿနာကို အကောင်းဆုံးဖြစ်အောင်၊ မျှမျှတတဖြစ်အောင် တရားဥပဒေစိုးမိုးရေး နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေး ကြိုးပမ်းနေသည်ဆိုသည်ကို ကမ္ဘာ့နိုင်ငံများအားလုံးသို့ အသိပေးပြောကြားလို**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသော ခက်ခဲနက်နဲသည့် ပြဿနာများကို ပြည်ထောင်စုအစိုးရအဖွဲ့က အကောင်းဆုံး ကိုင်တွယ်ဖြေရှင်းနေသည်ဟု ထင်မြင်**

နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders

## ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီအား ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီအမည်သို့ ပြောင်းလဲခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၉ / ၂၀၁၆ )**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်**
**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် )**
**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီအား**
**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီအမည်သို့ ပြောင်းလဲခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ မှတ်ပုံတင်အမှတ် (၉၉) ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်သည့် **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**သည် ယင်းပါတီ၏အမည်ကို **ပြည်ထောင်စုလယ်သမားအလုပ်သမား အင်အားစုပါတီ** အမည်သို့ ပြောင်းလဲအသုံးပြုလိုကြောင်း ဤကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းပါတီ၏ တင်ပြချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဥပဒေနှင့်အညီ စိစစ်ပြီး ပါတီ၏အမည်ကို ပြောင်းလဲခွင့်ပြုရန် သဘောတူပါသဖြင့် **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**အား ၁၁-၁၀-၂၀၁၆ ရက်နေ့မှစ၍ **ပြည်ထောင်စုလယ်သမား အလုပ်သမားအင်အားစုပါတီ** အမည်ဖြင့် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။

**အမိန့်အရ**
**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်များ တည်းခိုမည့်နေရာနှင့် ပြိုင်ပွဲကျင်းပမည့်နေရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၂**
(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တည်းခိုမည့်နေရာနှင့် ပြိုင်ပွဲကျင်းပမည့် နေရာများသို့ လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယသမ္မတနှင့်အဖွဲ့သည် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တည်းခိုနေထိုင်မည့် ရွာတော်စခန်းသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက အိပ်ဆောင်များ၌ နေရာချထားမှု၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ထားမှု၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ထားမှု၊ ပြိုင်ပွဲဝင်များအား သတ်မှတ်နေရာများသို့ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ထားမှု၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တည်းခိုရေးစခန်းအတွင်း ပြိုင်ပွဲဝင်များအတွက် ဆောင်ရွက်ထားရှိသည့် ဆေးခန်းနှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေသို့ ရောက်ရှိပြီး အဆို၊ အက၊ အတီး ပြိုင်ပွဲများ ကျင်းပမည့် နေရာများ၌ ပြင်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ပြိုင်ပွဲဝင်များ ဝမ်းလျှောဝမ်းပျက်မှု မဖြစ်စေရန် အစားအသောက်များ စစ်ဆေးခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ရန်၊ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်၊ ပြိုင်ပွဲကာလအတွင်း လုံခြုံရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်၊ ကြိုဆိုရေးနှင့် ပို့ဆောင်ရေးကဏ္ဍတွင် ပြိုင်ပွဲဝင်များအား သတ်မှတ်နေရာများသို့ အချိန်မီ ပို့ဆောင်နိုင်ရေးအတွက် စနစ်တကျ ဆောင်ရွက်ထားရန် တာဝန်ရှိသူများအား မှာကြားသည်။

၂၀၁၆ ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာ့တိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နေပြည်တော် ရေဆင်းတက္ကသိုလ်များ နယ်မြေရှိ သတ်မှတ်နေရာ အသီးသီးတွင် အောက်တိုဘာ ၁၈ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ တည်းခိုနေထိုင်မည့် ရွာတော်တည်းခိုရေးစခန်းအား ကြည့်ရှုစစ်ဆေးစဉ်
(သတင်းစဉ်)

# ရခိုင်နှင့် ကချင်ပြည်နယ်တို့တွင် ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၂**
ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး၊ လက်ထောက်အတွင်းရေးမှူးချုပ် မစ္စတာ စတီဗင် အို ဘရိုင်ယန်နှင့်အဖွဲ့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ် တုံ့ပြန်ရေးကိစ္စရပ်များတွင် အကူအညီပေးရေး၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့၌ ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့် ပတ်သက်၍ လူသားချင်းစာနာထောက်ထားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အလားတူ ဒုတိယသမ္မတသည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘာ့တ် ကိုအင်ဒါးစ်နှင့်အဖွဲ့အား နံနက် ၁၁ နာရီခွဲတွင် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘက်စုံရေအရင်းအမြစ် အသုံးချရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍများတွင် မြန်မာနှင့် နယ်သာလန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ဝေါက်တာဂျာဂင်စ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး၊ လက်ထောက်အတွင်းရေးမှူးချုပ် မစ္စတာ စတီဗင် အို ဘရိုင်ယန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်**
(သတင်းစဉ်)

## စစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ဘားအံ အောက်တိုဘာ ၁၂**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲလရောဒေသ၌ နယ်မြေတည်ငြိမ်မှု အားနည်းသဖြင့် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့နေထိုင်ကြသော စစ်ဘေးရှောင်ပြည်သူများအား မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို အောက်တိုဘာ ၁၂ ရက် နံနက် ၁၁ နာရီခွဲက ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြိုင်ကြီးငူ အထူးဒေသ စစ်ဘေးရှောင် အိမ်ထောင်စုများအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်း စသည်တို့နှင့် ငွေကျပ် ၁၀၂၂၂၉၅၀ တို့ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးနှင့် အဖွဲ့က ပေးအပ်လှူဒါန်းရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့်အဖွဲ့က လက်ခံယူခဲ့ပြီး မြိုင်ကြီးငူအထူးဒေသ စစ်ဘေးရှောင်အိမ်ထောင်စုများသို့ ဆက်လက်၍ ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ တိုက်ခန်း ၅၆၀ အား နိုဝင်ဘာလအတွင်း စတင်ရောင်းချမည်

**မန္တလေး အောက်တိုဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက် (မမ-၁၆)၌ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်သည့် မြရည်နန္ဒာတန်ဖိုးမျှတအိမ်ရာ တိုက်ခန်း ၅၆၀ ကို လာမည့်နိုဝင်ဘာလအတွင်း စတင်ရောင်းချတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတန်ဖိုးမျှတတိုက်ခန်းများကို နိုင်ငံအတွင်းရှိ ဝင်ငွေနည်းပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပင်စင်စားများ၊ ကုမ္ပဏီဝန်ထမ်း စသဖြင့် မည်သူမဆို လာရောက်လျှောက်ထားနိုင်ကြောင်း တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။

"နိုဝင်ဘာလအတွင်းမှာ တိုက်ခန်းတွေအားလုံး ပြီးစီးတော့မှာပါ။ သတ်မှတ်စည်းကမ်းနဲ့ညီတဲ့ ပြည်သူတွေအားလုံးကို ရောင်းချပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနကပြည်သူတွေ လူနေမှုအဆင့်အတန်းမြင့်မားစွာနဲ့ အိုးပိုင်အိမ်ပိုင်နေနိုင်အောင် ရည်ရွယ်ပြီး အိမ်ရာတွေ တည်ဆောက်ပေးနေတာပါ။ လျှောက်လွှာရောင်းမယ့်ရက်ကို ဌာနက သတင်းစာထဲမှာ ကြေညာပေးပါမယ်"ဟု ၎င်းက ပြောကြားသည်။

ရောင်းချမည့်တိုက်ခန်းများကို မြေရီယာ ၇ ဒသမ ၆၇ ဧကပေါ်၌ ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၄ လုံး တိုက်ခန်းပေါင်း ၅၆၀ တည်ဆောက်ထားပြီး တစ်ခန်းလျှင် အကျယ် ၅၆၇ စတုရန်းပေရှိကာ အိပ်ခန်း နှစ်ခန်း၊ ရေချိုးခန်းတို့ပါဝင်သည်။ ရောင်းချမည့်ဈေးနှုန်းသည် တစ်ခန်းလျှင် မြေညီထပ် ၂၂၃ သိန်း၊ ပထမထပ် ၂၀၈သိန်း၊ ဒုတိယ ထပ် ၁၉၃သိန်း၊ တတိယထပ် ၁၇၈ သိန်းနှင့် စတုတ္ထထပ် ၁၆၃ သိန်းတို့ဖြစ်ပြီး လက်ငင်း စနစ်၊ အရစ်ကျစနစ်၊ ဘဏ်ချေးငွေစနစ်များဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင်တန်ဖိုးမျှတတိုက်ခန်းဝယ်ယူရန်အတွက် လျှောက်ထားသူ၏မိသားစုပျမ်းမျှ လစဉ်ဝင်ငွေ စုစုပေါင်းမှာ အနည်းဆုံး ငွေကျပ် လေးသိန်းမှ ငါးသိန်းအထိ ဝင်ငွေရှိရမည်ဖြစ်ပြီး တိုက်ခန်းအား အရစ်ကျလေးလ လေးရစ်ဖြင့် အကျေပေးချေသောစနစ် သို့မဟုတ် ဘဏ်ချေးငွေစနစ်များဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နိုင်ငံခြားဧည့်သည်များအား သီးခြားစီတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးရာနှင့် ဥရောပရေးရာဝန်ကြီး၊ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့နှင့် ယနေ့တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Michael Linhart နှင့် ယနေ့ နံနက် ၁၁ နာရီတွင် တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးရာနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Jean ASSELBORN နှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် တွေ့ဆုံစဉ် နှစ်နိုင်ငံ အစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Bert Koenders နှင့် ယနေ့ မွန်းလွဲ ၃ နာရီတွင် တွေ့ဆုံစဉ်လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီး H.E. Mr. Jean ASSELBORN အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**( သတင်းစဉ် )**



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် လူဇင်ဘတ်နိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပရေးရာဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးစဉ်** (သတင်းစဉ်)

❖ *ကျောဖုံးမှ*

တန်ဖိုးနည်းအိမ်ရာ ပိုင်ဆိုင်ခွင့်ရတော့မည်ဖြစ်ကြောင်း မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်တော်တို့ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တန်ဖိုးသက်သာမယ့် တန်ဖိုးနည်းအိမ်ရာတွေကို ထုတ်လုပ်မယ်။ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်က အိမ်ရာချေးငွေတစ်ရပ်ကို စတင်မိတ်ဆက် တည်ထောင်မှာဖြစ်တယ်။ အဲဒီစနစ်မှာ အိမ်ဝယ်ယူလိုတဲ့ မိသားစုတွေက ဝန်ထမ်းပဲဖြစ်စေ၊ ပင်စင်စားပဲဖြစ်စေ၊ ကုမ္ပဏီဝန်ထမ်းပဲဖြစ်စေ၊ ကိုယ်ပိုင်အလုပ်လုပ်ကိုင်သူပဲ ဖြစ်စေမည်သူမဆို နီးစပ်ရာ ဆောက်လုပ်ရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးဘဏ်တွေမှာ သာမန်ရိုးရိုးငွေစုဘဏ်စာအုပ်မဟုတ်ဘဲ အိမ်ဝယ်ရန် ငွေစုဆောင်းခြင်းဆိုတဲ့ ငွေစုစာအုပ် အကောင့်ဖွင့်ပြီးတော့ စတင်ရမှာဖြစ်တယ်။ ဖွင့်တဲ့အခါမှာ ဖွင့်လိုသူရဲ့ မှတ်ပုံတင်နဲ့ ငွေတစ်သောင်းပါရင် စဖွင့်လို့ရတယ်။ ကိုယ့်မိသားစုဝင်ငွေပေါ်မူတည်ပြီးတော့ လစဉ်စုဆောင်းလို့ရတယ်။ အဲဒီစုဆောင်းငွေဟာ ကိုယ်ဝယ်မယ့် တန်ဖိုးနည်းအိမ်ရာတွေထက် ရာခိုင်နှုန်း ၃၀ စုမိပြီဆိုရင် အခန်းနေပိုင်ခွင့်ရမှာ ဖြစ်တယ်။ ဥပမာ ငွေကျပ် သိန်း ၁၀၀ တန်ဝယ်မယ့်သူက ငွေကျပ် သိန်း ၃၀ ဘဏ်မှာစုထားပြီးရင် နေထိုင်ခွင့်ရမှာဖြစ်တယ်။ လိုအပ်တဲ့ငွေကျပ် ရာခိုင်နှုန်း ၇၀ ကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်က သက်သာတဲ့အတိုးနှုန်းနဲ့ ချေးပေးသွားမှာပါ"ဟု အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း အဆိုပါတန်ဖိုးနည်းအိမ်ရာ အရောင်းပြခန်းများကို လာမည့်အောက်တိုဘာ ၂၁ ရက်မှ ၂၃ ရက်အတွင်း House .com. mm၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်(CHDB) တို့ ပူးပေါင်းကာ ပထမဦးဆုံးအကြိမ် တန်ဖိုးနည်းအိမ်ရာ အရောင်းပြပွဲကြီးကို MICT Park တွင် ကျင်းပသွားမည်ဖြစ်သည်။ ယင်းပြပွဲတွင် ရောင်းချပေးမည့် တန်ဖိုးနည်းအိမ်ရာ အခန်းအကျယ်အဝန်း၊ တည်နေရာ၊ တန်ဖိုးငွေကျပ် အခန်းနှင့်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို ရှင်းပြသွားမည် ဖြစ်ကြောင်း သိရသည်။

"အိမ်ဝယ်ယူဖို့အတွက် ငွေစုစာအုပ်အကောင့်ကို ပြီးခဲ့တဲ့ ဩဂုတ် ၁ ရက်က နေပြီးတော့ စတင်လက်ခံလာတာ လောလောဆယ် ဘဏ်မှာစုထားတဲ့သူ ခြောက်ထောင်နီးပါးရှိနေပြီ။ စုတဲ့သူကတော့ ရာခိုင်နှုန်း ၃၀ ပြည့်တဲ့သူလည်းရှိတယ်။ မပြည့်တဲ့သူလည်းရှိတယ်။ ပြည်သူတွေအနေနဲ့ ကျွန်တော်တို့ဆီမှာလည်း အိမ်ရာဝယ်ဖို့အတွက် ငွေစုဖြစ်သွားမယ်။ အိမ်ရာမရခင်စပ်ကြားမှာလည်း ဘဏ်က အတိုးပေးထားမှာဖြစ်တယ်။ အဲဒီစုဆောင်းငွေပေါ်မှာ တစ်နှစ်ကို ၈ ဒသမ ၅ ရာခိုင်နှုန်း အတိုးပေးထားမှာပါ"ဟု ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ရုံးချုပ် အိမ်ရာချေးငွေဌာနမှ ကြီးကြပ်ရေးမှူး ဦးလှမျိုးတင့်က ပြောသည်။

ပြည်သူများအနေဖြင့် အိမ်ရာစုဆောင်းငွေစာရင်း ဖွင့်လိုလျှင် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် အမှတ် ၆၀၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့နှင့် ဘဏ်ခွဲရှစ်ခုဖြစ်သည့် ဒဂုံဘဏ်ခွဲ၊ ဗိုလ်ချုပ်လမ်းရှိ ဗိုလ်တထောင်ဘဏ်ခွဲ၊ နေပြည်တော်ဘဏ်ခွဲ၊ မန္တလေးဘဏ်ခွဲ၊ မင်္ဂလာတောင်ညွန့်ဘဏ်ခွဲ၊ ရွှေပေါက်ကံဘဏ်ခွဲ၊ ပုသိမ်ဘဏ်ခွဲ၊ မော်လမြိုင်ဘဏ်ခွဲတို့တွင် မည်သူမဆို စတင်စာရင်းဖွင့်လှစ်နိုင်ပြီဖြစ်သည်။ ယခုလက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဖိုးနည်းအိမ်ရာရောင်းမည့် တိုက်ခန်း ၂၂၀၈ ခန်းရှိပြီး ပထမအဆင့်အနေဖြင့် ရာခိုင်နှုန်း ၃၀ ပြည့်သူများကို ရောင်းချပေးသွားမည်ဖြစ်ပြီး နောက်ထပ် လာမည့်နှစ်နှစ်အတွင်းတွင်လည်း အိမ်ခန်းပေါင်း ၈၀၀၀ ကျော် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဌာနရဲ့ အဓိကရည်မှန်းချက်က မြို့ပြဖွံ့ဖြိုးရေးနဲ့ အိမ်ရာဖွံ့ဖြိုးရေးရည်မှန်းချက်တာဝန်နှစ်ရပ်နဲ့ ဖွဲ့စည်းထမ်းဆောင်နေတာဖြစ်တယ်။ အိမ်ရာဖွံ့ဖြိုးရေးကဏ္ဍမှာ မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူတွေရဲ့ ဝင်ငွေအလွှာ မြင့်တဲ့သူရှိတယ်။ အလယ်အလတ်တန်းစားရှိမယ်၊ ဝင်ငွေနည်းပြည်သူလည်းရှိတယ်။ အနည်းဆုံးပြည်သူလည်း ရှိတယ်။ ပြည်သူတွေရဲ့ဝင်ငွေကမတူကြဘူး။ မတူသော်လည်းပဲ ဝင်ငွေနည်းတဲ့သူပဲဖြစ်ဖြစ်၊ များတဲ့သူပဲဖြစ်ဖြစ် မိသားစုနေဖို့အတွက် နေအိမ်ဆိုတာ လိုပါတယ်။ ဒီကဏ္ဍမှာ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်တဲ့အခါမှာ ဝယ်ယူနိုင်စွမ်းရှိတဲ့ ဝင်ငွေမြင့်တဲ့သူတွေအတွက်တော့ အခက်အခဲမရှိပေမယ့် ဝင်ငွေနည်းတဲ့ ပြည်သူတွေကျတော့ မိသားစုလုံခြုံစိတ်ချစွာနေထိုင်ဖို့ အခက်အခဲ ကြီးမားပါတယ်။ အိမ်ရာတွေရဲ့တန်ဖိုးက ဝင်ငွေနည်းတဲ့ပြည်သူတွေ လက်လှမ်းမမီလောက်အောင် တန်ဖိုးကြီးမြင့်နေတာကို ဝင်ငွေနည်းသူတွေ လက်လှမ်းမီစေမယ့် အိမ်ရာအဆင့်ရောက်အောင် တန်ဖိုးအားဖြင့် လက်လှမ်းမီတဲ့ အနေအထားရောက်အောင် ကျွန်တော်တို့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ အခုလို အိမ်ဝယ်ချေးငွေစနစ်တစ်ရပ် တည်ထောင်ပေးမှသာလျှင် ဝင်ငွေနည်းတဲ့ပြည်သူတွေက ဝယ်ယူနိုင်စွမ်းရှိသွားမှာ ဖြစ်ပါတယ်"ဟု အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က ထပ်မံရှင်းပြသည်။

ယခု ရောင်းချပေးမည့် တန်ဖိုးနည်းအိမ်ရာများကို ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ကြီးကြပ်ကာ ရောင်းချပေးသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ရောင်းချမည့် တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းအမျိုးအစားများမှာ ခြောက်ခန်းတွဲ လေးထပ်တိုက်အမျိုးအစား၊ ရှစ်ခန်းတွဲ လေးထပ်တိုက်စသည်ဖြင့် အတန်းအစားအမျိုးမျိုးရှိပြီး ငွေကျပ် ၉၈ သိန်းမှ ငွေကျပ် သိန်း ၁၂၀ တန်ဖိုးရှိ အခန်းများဖြစ်သည်။ ယခုရောင်းချပေးမည့် တန်ဖိုးနည်းအိမ်ရာအများစုမှာ ဒဂုံဆိပ်ကမ်း တန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာ ရွှေလင်ပန်း အပိုင်း (၃)၊ ဒဂုံဆိပ်ကမ်း ယုဇနအိမ်ရာ အပိုင်း (၁)၊ (၂)၊ (၃)၊ ကနောင်တန်ဖိုးနည်းအိမ်ရာ၊ လှိုင်သာယာကျန်စစ်သားအိမ်ရာ စသည်တို့ကို ရောင်းချပေးသွားမည်ဖြစ်ပြီး မကြာမီတွင် သန်လျင်မြို့နယ် အောင်ချမ်းသာ တန်ဖိုးနည်းအိမ်ရာနှင့် သီလဝါစက်မှုဇုန်အနီး သီလဝါတန်ဖိုးနည်းအိမ်ရာစီမံကိန်းတို့ကိုလည်း တည်ဆောက်တော့မည်ဖြစ်ကြောင်း သိရသည်။

❍ *ကျောဖုံးမှ*

ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည်တပ်မတော် တောင်ပိုင်း (RCSS/ SSA-S)တို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြရာ လာမည့် အောက်တိုဘာ ၁၅ ရက်တွင် တစ်နှစ်ပြည့်မြောက်မည် ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား - MRTVမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ပြီး ပြည်တွင်း/ ပြည်ပ သတင်းမီဒီယာများအနေဖြင့် သတင်းရယူနိုင်ရေး ဝင်/ထွက်ခွင့်ကတ်များ အချိန်မီထုတ်ယူနိုင်ရန် ပြည်တွင်းသတင်းမီဒီယာများအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့လည်းကောင်း၊ ပြည်ပမီဒီယာများအနေဖြင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းသို့လည်းကောင်း အောက်တိုဘာ ၁၃ ရက် နံနက် ၈နာရီ နောက်ဆုံးထားပြီး စာရင်းပေးသွင်းကြရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရင်းနှီးမြှုပ်နှံမှုရုံးခွဲများ တိုးချဲ့ဖွင့်လှစ်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာလုပ်ကိုင်သွားနိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ရုံးခွဲများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ယင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက ပြောသည်။

"ကျွန်တော်တို့ဌာနရဲ့နောက်ဆုံးရုံးခွဲကို ကရင်ပြည်နယ် ဘားအံမြို့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ဒီရုံးက ကျွန်တော်တို့ရုံးရဲ့ ကိုးရုံးမြောက်ဖြစ်ပါတယ်။ မကြာမီလအတွင်းမှာလည်း ပဲခူးရုံးခွဲကို ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။ဒီနောက်မှာတော့ ၂၀၁၆ ခုနှစ်အကုန်မှာ မကွေးမှာ ဖွင့်လှစ်သွားဖို့ ရှိပါတယ်။ ဒီရုံးဖွင့်ပြီးသွားရင်တော့ တစ်နိုင်ငံလုံးမှာရင်းနှီးမြှုပ်နှံမှု ရုံးခွဲ ၁၁ ခု ရှိလာမှာဖြစ်ပါတယ်။ ကျန်တဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီး ရုံးခွဲတွေကိုတော့ ၂၀၁၇ ခုနှစ်အတွင်းမှာ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်" ဟု ဦးအောင်နိုင်ဦးက ပြောကြားသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုရုံးခွဲများ ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ကုမ္ပဏီများမှတ်ပုံတင်ခြင်း၊ ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို မိမိတို့ဒေသ၌ပင်လျှင် ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ရေးဆွဲလျက်ရှိရာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ မကြာမီကာလအတွင်း လွှတ်တော်နှင့် သမ္မတထံသို့ တင်ပြကာ အတည်ပြု ပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်သည် ယခင်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပေါင်းစည်းထားခြင်းဖြစ်ပြီး နိုင်ငံခြားသားများရော ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များပါ လုပ်သာကိုင်သာရှိသည့် ဥပဒေဖြစ်ကြောင်း၊ ဥပဒေသစ်အရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးပွားလာပြီး အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးပွားလာမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# မျက်မမြင်လမ်းလျှောက်ပွဲနေ့တွင် ခေတ္တလမ်းပိတ်မည်

**ရန်ကုန် အောက်တိုဘာ ၁၂**

နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ (International White Cane Day) အထိမ်းအမှတ် ရန်ကုန်မြို့တော်ဝန်ဖလား (၂၅)ကြိမ်မြောက် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ရန်ကုန်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ မျက်မမြင်လမ်းလျှောက်ပွဲ ကျင်းပမည့် လမ်းတစ်လျှောက်ဖြစ်သည့် ဆူးလေဘုရားလမ်း (ဆူးလေ ဘုရားအဝိုင်းမှ ကုန်သည်လမ်းကြား)၊ ကုန်သည်လမ်း (ဆူးလေဘုရားလမ်းမှ ရွှေတိဂုံဘုရားလမ်းကြား)၊ ကမ်းနားလမ်း (ရွှေတိဂုံဘုရားလမ်းမှ ဘုန်းကြီးလမ်းကြား)၊ ဘုန်းကြီးလမ်း(ကမ်းနားလမ်းမှ မဟာဗန္ဓုလလမ်းကြား)နှင့် (မဟာဗန္ဓုလလမ်း ဘုန်းကြီးလမ်းမှ မြို့တော်ခန်းမရှေ့အထိ) လမ်းများကို လမ်းလျှောက်ပွဲကျင်းပမည့် နံနက် ၅ နာရီခွဲမှ ၇ နာရီခွဲအထိ ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် တပ်မတော်က ပူးပေါင်းဆောင်ရွက်နေမှု ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ငြိမ်းချမ်းရေးရယူရမည့် အဖွဲ့အစည်းများအနေဖြင့် အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်နှင့် ဒီမိုကရေစီ၏ သဘောသဘာဝများကို သိရှိနားလည်မှုရှိရန် လိုအပ်ကြောင်း၊ အမှန်တကယ်ငြိမ်းချမ်းရေးရယူလိုစိတ်ရှိရေးကိုသာ မျှော်မှန်းပါကြောင်း၊ ယင်းစိတ်ရှိပါက မလွဲမသွေအောင်မြင်မှုရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် ယနေ့မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံစဉ် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် တပ်မတော်မှ ပူးပေါင်းဆောင်ရွက်နေမှု၊ နော်ဝေနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်နေမှုနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များအား စိတ်ရှည်စွာဖြင့် အချိန်ယူလုပ်ဆောင်နေရသည့် အခြေအနေများ၊ ၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA အပေါ်အခြေခံပြီး ပါဝင်လုပ်ဆောင်ရန်လိုအပ်မှုနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်အညီ SSR ၊ DDR လုပ်ငန်းစဉ်များ ဆက်လက်လုပ်ဆောင်ရမည့် အခြေအနေများအပေါ် အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး H.E. Ms. Tone Tinnes နှင့် တွေ့ဆုံဆွေးနွေးစဉ်။**

# သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်နေမှုဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၂**

ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာနှင့် အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးမှူး ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ စတီဗင် အို ဘရိုင်ယန်နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ကယ်ဆယ်ရေးဆိုင်ရာကိစ္စရပ်များတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်နေမှု၊ တပ်မတော်မှ ကုလသမဂ္ဂ၏ပြည်တွင်းလှည့်လည်တိမ်းရှောင်ခြင်းကြောင့် အိုးမဲ့အိမ်မဲ့မှုအပေါ် လမ်းညွှန်မှုစည်းမျဉ်းအား အပြည့်အဝလိုက်နာဆောင်ရွက်နေမှုနှင့် IDP Camp များသို့ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုတို့အား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# မှန်ကန်သည့်ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် ကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို မှန်ကန်စွာတင်ပြရန်လိုအပ်

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် နေ့ရက်နှင့် လစ်လပ်မဲဆန္ဒနယ်များကို အောက်တိုဘာ ၁၁ ရက်က ထုတ်ပြန်ခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲစာရင်းများကိုလည်း ကွင်းဆင်း ကောက်ယူတော့မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၉) နေရာ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် (၃) နေရာနှင့် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ် (၆)နေရာရှိကြောင်း သိရသည်။

လာမည့် ဧပြီလတွင် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် ရွေးကောက်ပွဲအရာရှိများသည် ပြီးခဲ့သည့် အောက်တိုဘာ ၁၀ ရက်က တွေ့ဆုံကာ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲခုံရုံးကိစ္စများ အမြန်ပြီးပြတ်ရေးဆောင်ရွက်နေရသဖြင့် ယခုမှသာ တွေ့ဆုံနိုင်ခြင်းဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို တရားမျှတစွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့်လည်း ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များကို မှန်ကန်စွာတင်ပြရန်လိုအပ်ကြောင်းနှင့် သို့မှသာ ကော်မရှင်အနေဖြင့် မှန်ကန်သည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# အမေရိကန်ဓာတ်ပုံပြိုင်ပွဲ မြန်မာဆုပေါင်းများစွာရရှိ

**မန္တလေး အောက်တိုဘာ ၁၂**

အမေရိကန်နိုင်ငံ Western Photographer Association USA က (၁၃)ကြိမ်မြောက် ဓာတ်ပုံပြိုင်ပွဲကျင်းပရာ နိုင်ငံတကာမှ ဓာတ်ပုံဆရာများဝင်ရောက်ယှဉ်ပြိုင်ကြရာ မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင်များ ဆုပေါင်းများစွာ ရရှိကြသည်။ ရွှေတံဆိပ်ဆုခန့်ဇော်၊ ငွေတံဆိပ်ဆု ဘိုဘို၊ အောင်ကျော်ထွန်းနှင့် အေးကို၊ ကြေးတံဆိပ်ဆု ကျော်ကျော်ဝင်း၊ မျိုးမင်းကြွယ်၊ အထူးဆုအဖြစ် ကိုးဆု၊ နှစ်သိမ့်ဆုအဖြစ် ၅၆ ဆုရရှိကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှရွှေတံဆိပ်ဆုအပါအဝင်ဆုအများဆုံးဖြစ်ကြောင်း သိရသည်။
**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**



◆ *ကျောဖုံးမှ*

ဘာသာရေးပဋိပက္ခများမဟုတ်ဘဲ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ အရေးကြီးဆုံးမှာ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများကို လိုက်နာရန်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံသားများကို ကာကွယ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများသည် နံပါတ်တစ်ဦးစားပေးဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ပတ်သက်သည်များကိုလည်း နိုင်ငံတကာ ကျင့်ထုံးများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ မိမိနိုင်ငံ ဗြိတိသျှကိုလိုနီလက်အောက်ကျရောက်စဉ် ဘင်္ဂလားနယ်မှခေါ်လာသည့် ဘင်္ဂါလီများ မြန်မာနိုင်ငံ ရခိုင်ဒေသသို့ ရောက်ရှိပြီး မပြန်တော့ခြင်းမှ ဒေသခံများနှင့် ပဋိပက္ခစတင်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းတို့သည် မြန်မာနိုင်ငံ ဓလေ့ထုံးစံများကို လိုက်နာခြင်းမရှိသဖြင့် ဒေသခံရခိုင်တိုင်းရင်းသားများက လက်မခံနိုင်ကြောင်း၊ ၎င်းဘင်္ဂါလီများအနေဖြင့် ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေအရ စစ်ဆေးမှုကို မခံယူကြောင်း၊ အရေးကြီးဆုံးမှာ ဥပဒေနှင့်အညီ စစ်ဆေးမှုကို ခံယူခြင်း၊ ဥပဒေနှင့် ညီညွတ်သူများကို ရသင့်ရထိုက်သည့် အခွင့်အရေးများပေးခြင်း၊ ဥပဒေနှင့် မကိုက်ညီသည်များကိုလည်း UNHCR ၏ အစီအစဉ်ဖြင့် ဖြေရှင်းဆောင်ရွက်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်မှုများအား အကောင်းဆုံး ကူညီလုပ်ဆောင်ပေးမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြောကြားသည်။

**(သတင်းစဉ်)**

# သတ္တုနှင့် ကျောက်မျက်ကဏ္ဍရေရှည်စနစ်တကျထိန်းသိမ်းရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၂**

သတ္တုနှင့် ကျောက်မျက်ကဏ္ဍ ရေရှည်စနစ်တကျထိန်းသိမ်းရန်အတွက် ပါဝင်ပတ်သက်သူများ (Stakeholder)ပူးပေါင်းသည့်အလုပ်ရုံဆွေးနွေးပွဲကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား အမြဲတမ်းအတွင်းဝန်(သတ္တုရေးရာ)က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့(MATA)တို့က ပူးပေါင်း၍ အောက်တိုဘာ ၁၃ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ၊ မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော သတ္တုတွင်းလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတ္တုတွင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က မြန်မာ့သတ္တုကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)မှ ဦးကျော်သူက သတ္တုလုပ်ငန်း များနှင့် ပတ်သက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားဝင်ထုတ်ပြန်သော သတင်းများကိုသာ ယုံကြည်လက်ခံရန်နှင့် တရားမဝင်ဖြန့်ချိသော သတင်းများကို မယုံကြည်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်သူများနှင့်အတူရှိပြီး အဆင့်လိုက် ရေတို၊ ရေလတ်၊ ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်သွားမည်

**မောင်တော အောက်တိုဘာ ၁၂**

စစ်တွေမြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွင်၊ ဦးခင်မောင်တင်နှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် ထွက်ခွာရာ ညနေ ၃ နာရီခန့်တွင် ဘူးသီးတောင်မြို့သို့ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ မောင်တောမြို့သို့ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မောင်တောခရိုင်ရှိ မြို့မိမြို့ဖများ၊ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံပြောကြားစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုး၊ ပြည်နယ်ဝန်ကြီး ဗိုလ်မှူးကြီး ထိန်လင်းတို့နှင့်အတူ မောင်တောခရိုင်ရှိ မြို့မိမြို့ဖများ၊ ဒေသခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မောင်တောမြို့ သီရိရတနာခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေမှု၊ လိုအပ်သည်ထက်ပိုပြီး စိုးရိမ်ပူပန်ကြောင့်ကြမှုမရှိရေး၊ တရားဝင်ထုတ်ပြန်သော သတင်းများကိုသာ ယုံကြည်လက်ခံကြရန်နှင့် တရားမဝင် ဖြန့်ချိသော သတင်းများကို မယုံကြည်လက်မခံရန်၊ လိုသည်ထက်ပိုမိုတုံ့ပြန်ခြင်း မပြုလုပ်ရန်၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်သူများနှင့်အတူရှိပြီး အဆင့်လိုက် ရေတို၊ ရေလတ်၊ ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခိုင်မာသည့်အစီအစဉ်များကို ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လတ်တလောတွင် ရာသီဥတုအခြေအနေအရ စုဖွဲ့ပြင်ဆင်နေမှုကို အသင့်အတင့် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်အပေါ် သင်ခန်းစာယူပြီး ယခုထက်ပိုမို ကောင်းမွန်သည့် အခြေအနေကို ဖန်တီးသွားမည်ဖြစ်ကြောင်း၊ အသက်ဆုံးရှုံးသွားသည့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုများအား ကူညီထောက်ပံ့ပြီး လိုအပ်သည့် အားပေးကူညီမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။


တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုး ဆွေးနွေး ပြောကြားစဉ်


ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဆွေးနွေးပြောကြားစဉ်


ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဆွေးနွေး ပြောကြားစဉ်


ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ ဆွေးနွေးစဉ်


ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြူ ဆွေးနွေးတင်ပြစဉ်


ဒေသခံ ဦးထွန်းကို ဆွေးနွေးတင်ပြစဉ်


ဒေသခံ ဦးညို ဆွေးနွေးတင်ပြစဉ်

ထို့နောက် မောင်တောမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြူက မောင်တောဒေသ၏ တရားဥပဒေစိုးမိုးရေး အားနည်းနေမှုများ၊ ဌာနေတိုင်းရင်းသားများ၏ စားဝတ်နေရေးဖြေရှင်းပေးရေးနှင့် အသက်အိုးအိမ်လုံခြုံမှုရှိရေး၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လုံခြုံရေးဆိုင်ရာ လိုအပ်သည့်အချက်များကို ဆွေးနွေးတင်ပြသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးက ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများအား ကူညီရေး၊ လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးရေး၊ ကျေးရွာနေ ပြည်သူများ၏ စားဝတ်နေရေးအတွက် ကူညီပေးရေးတို့ကို ဆွေးနွေးတင်ပြသည်။

ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးကျော်ကျော်ဦးက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ရေး၊ နယ်မြေလုံခြုံရေးအတွက် ဆောင်ရွက်လိုသည်များ၊ ယခုကိစ္စသည် ပုန်ကန်မှုဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးတင်ပြသည်။

ဒေသခံပြည်သူ ဦးထွန်းအေးသိန်းက ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေကို ကိုင်တွယ်ရာတွင် ပြတ်ပြတ်သားသား လုပ်ဆောင်စေလိုမှု၊ တစ်လင်တစ်မယား ဥပဒေကို အပြည့်အဝ အကောင်အထည်ဖော်စေလိုမှု၊ တည်ငြိမ်မှုမရှိပါက ဒေသမဖွံ့ဖြိုးမတိုးတက်နိုင်မှုတို့ကို ဆွေးနွေးတင်ပြသည်။

ဒေသခံ ဦးထွန်းကိုက လုံခြုံရေးကို ထိထိရောက်ရောက် ဆောင်ရွက်ပေးစေလိုမှုနှင့် ပြည်သူ့စစ် ဖွဲ့စည်းပြီး လက်နက်များ တပ်ဆင်ပေးစေလိုမှုတို့ကို ဆွေးနွေးတင်ပြသည်။

ဒေသခံ ဦးညိုက စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ရေး ဆွေးနွေးတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်စိုးက ပြည်သူများ၏ စိုးရိမ်ပူပန်မှုကို ကာကွယ်ပေးရန်၊ နယ်မြေလုံခြုံရေးနှင့် ကာကွယ်ရေးအတွက် မိမိတို့ မောင်တောဒေသသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ နယ်မြေအနှံ့ရှိ ဆရာဆရာမများအား လုံခြုံသည့်နေရာတွင် စုစည်းထားပြီး ကယ်ဆယ်ရွှေ့ပြောင်းရေးအတွက် ဆောင်ရွက်နေကြောင်း၊ ကျေးရွာနေပြည်သူများ၏ လတ်တလော စားဝတ်နေရေး အခက်အခဲအတွက် တပ်မတော်အကြီးအကဲများထံ တင်ပြပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများ၏ အရေးသည် မိမိတို့၏အရေးသာဖြစ်သည်ဟု ခံယူပြီး ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မလိုလားအပ်သည့် ဝါဒဖြန့်ချိမှုများကို မယုံကြည်ရန်နှင့် မိမိတို့နှင့် ပူးပေါင်းပြီး ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက တည်ငြိမ်အေးချမ်းရေးအတွက် မြို့ရွာလုံခြုံရေး ဆောင်ရွက်ခြင်း၊ တပ်ဌာနချုပ်များ လုံခြုံရေး ဆောင်ရွက်ခြင်း၊ တပ်၊ ရဲ အင်အားများကို ယခင်ကထက် အင်အားပိုမိုဖြည့်တင်းခြင်း ဆောင်ရွက်နေကြောင်း၊ အင်အားတိုး ဖြည့်တင်းရာတွင် ရဟတ်ယာဉ်များကိုပါ အသုံးပြုပြီး ရွှေ့ပြောင်းဆောင်ရွက်နေကြောင်း။

ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်မသွားစေရန် ကျေးရွာအဆင့်ထိ လမ်းကြောင်းလုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်နေကြောင်း၊ ဝန်ထမ်းများ၏ လုံခြုံရေးကို ဆောင်ရွက်ပေးထားကြောင်း၊ ဝေးလံသော ဒေသရှိ ဝန်ထမ်းများကို လုံခြုံရေးရှိသည့် နေရာသို့ စုစည်းထားကြောင်း၊ ရာသီဥတုကောင်းမွန်ပါက ၎င်းတို့အား ရဟတ်ယာဉ်များဖြင့် သယ်ယူရွှေ့ပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းပြီး ပါဆုံးသွားသည့်လက်နက်များ ပြန်လည်ရှာဖွေခြင်း၊ သိုဝှက်ထားသည့် လက်နက်များ ဖော်ထုတ်သိမ်းဆည်းခြင်း ဆောင်ရွက်နေကြောင်း၊ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများအား ဆက်လက်ဖမ်းဆီးရမိကြောင်း၊ မိမိအနေဖြင့် ကျီးကန်းပြင်တွင် အခြေပြုပြီး အလားတူ ထပ်မံမဖြစ်ပေါ်စေရန် လေ့လာသုံးသပ်ပြုပြင်ဆောင်ရွက်နေကြောင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ပြည်သူ့စစ်ဖွဲ့စည်းရေး၊ လက်နက်တပ်ဆင်ရေးမှာ မူဝါဒဆိုင်ရာ လုပ်ငန်းဖြစ်သည့်အတွက် ဆက်လက်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် ဒေသန္တရ ရဲတပ်ဖွဲ့ဝင်များအား ဖိတ်ခေါ်ဖွဲ့စည်းနေသည်ဟု သိရှိရသည့်အတွက် စိတ်ဝင်စားပါက ဒေသန္တရ ရဲတပ်ဖွဲ့သို့ ဝင်ရောက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွင်က မိမိတို့ ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အတိုင်းအတာတစ်ခုအထိ စားနပ်ရိက္ခာများ ထောက်ပံ့ပေးနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ကွင်းဆင်းထိတွေ့ရေး အဖွဲ့များဖွဲ့စည်းပြီး ဆောင်ရွက်နေကြောင်း၊ မောင်တောတွင် ခုနစ်ဖွဲ့၊ ဘူးသီးတောင်တွင် ငါးဖွဲ့ ဖွဲ့စည်းထားရှိကြောင်း၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးအောင်၊ သတင်းအချက်အလက်အမှန်ရရှိအောင် စုစည်းထားခြင်းဖြစ်ကြောင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်လာသည်ကို တွေ့ရသည့်အတွက် ဝမ်းမြောက်ကြောင်း၊ ဝေးလံသော ဒေသရှိ အခက်အခဲရှိနေသော ဆရာ ဆရာမများကိစ္စကို အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မောင်တောဒေသတွင် ဆရာဆရာမ ၂၈၈ ဦးရှိပြီး ဝေးလံသောဒေသ ရောက်ရှိနေသည့် ဆရာ ဆရာမများကို လုံခြုံစိတ်ချရသော ဒေသတွင် စုစည်းထားရှိပြီးဖြစ်ကြောင်း၊ စုရပ်အသီးသီးတွင် လုံခြုံစိတ်ချစွာရှိနေပါကြောင်း၊ နေရပ်သို့ ပြန်သွားသည့် ဆရာ၊ ဆရာမ ၁၀၄ ဦးရှိပါကြောင်း၊ ဆရာ ဆရာမများကိုသာမက ကျန်းမာရေးဝန်ထမ်းများကိုလည်း လုံခြုံစိတ်ချရရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဆွေးနွေးသည်။

ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက မောင်တောဒေသရှိ တိုင်းရင်းသားကျေးရွာ ၃၅ ရွာသို့ဆန်အိတ် ၉၀၀၊ ဆီ ပိဿာ ၂၀၀ ကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ကျဆုံးရဲတပ်ဖွဲ့ဝင် ကိုးဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှုန်း၊ ဒဏ်ရာရတပ်ဖွဲ့ဝင်ငါးဦးအား တစ်ဦးလျှင် ငါးသိန်းနှုန်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်း ၉၀ နှင့် ဝေးလံသောဒေသတွင် ၁၆ ဦးရှိပြီး ၎င်းတို့အား လုံခြုံသောနေရာတွင် စုစည်းထားပြီး ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က တက်ရောက်လာကြသူများက ပြည့်ပြည့်စုံစုံ အကြံပြု တင်ပြသကဲ့သို့ ပြန်လည်ရှင်းလင်းကြသူများကလည်း ပြည့်ပြည့်စုံစုံ

စာမျက်နှာ ၉ သို့

# မောင်တောခရိုင်ရှိ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဩဝါဒခံယူ

**မောင်တော အောက်တိုဘာ ၁၂**

မောင်တောခရိုင်ရှိ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့က ဩဝါဒခံယူမှုကို ယနေ့ ညနေ ၅ နာရီ မိနစ် ၄၀ တွင် မောင်တောမြို့ မြို့မပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

ဩဝါဒခံယူပွဲတွင် အလိုတော်ပြည့်ဆရာတော် ဦးမဏိသာရက မောင်တောဒေသ အမြန်ဆုံးပြန်လည်တည်ငြိမ်အေးချမ်းအောင်ဆောင်ရွက်ရေး၊ ပြည်သူလူထု၏ စိတ်လုံခြုံမှုရှိအောင် ကူညီဆောင်ရွက်ပေးရေး၊ အကြောက်တရားများ လျော့နည်းသွားအောင် အမြန်ဆောင်ရွက်ရေး၊ အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများလက်သို့ ပါရှိသွားသည့်လက်နက်များ အမြန်ပြန်ရအောင်ဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဩဝါဒမြွက်ကြားသည်။

ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကလည်း နယ်မြေတည်ငြိမ်အေးချမ်းရေးဆောင်ရွက်နေမှုများ၊ အကြမ်းဖက်သမားများလက်သို့ ပါရှိသွားသည့် လက်နက်များ ပြန်လည်သိမ်းဆည်းရရှိရေး၊ ၎င်းတို့လက်ဝယ်ဝှက်ထားသည့် လက်နက်များ ဖော်ထုတ်ရေးတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းလျှောက်ထားခဲ့သည်။

**(သတင်းစဉ်)**



**မောင်တောခရိုင်ရှိ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့က ဩဝါဒခံယူစဉ်** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မောင်တောမြို့ပေါ်အနီးဝန်းကျင်ရပ်ကွက်ကျေးရွာအုပ်စုရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံ




**မောင်တော အောက်တိုဘာ ၁၂**

ပြည်ထောင်စုဝန်ကြီးများ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့် မောင်တောမြို့ပေါ် အနီးဝန်းကျင် ရပ်ကွက်ကျေးရွာအုပ်စုရှိ အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံပွဲကို ယနေ့ ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။ **(ဓါတ်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့က လတ်တလော ရခိုင်ပြည်နယ်၌ ဖြစ်နေသည့် ပြဿနာများအပေါ် ဒေသခံပြည်သူများ စိုးရိမ်ပူပန်နေသည်ကို သိရှိပါကြောင်း၊ ညမထွက်ရ အမိန့်ထုတ်ပြန်ထားသည့်အတွက် အလုပ်အကိုင်များလည်း ပျက်ယွင်းသည်ကို သိရှိပါကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နည်းလမ်းများရှာဖွေရန် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု မရှိပါက စားဝတ်နေရေးများထိခိုက်နိုင်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိပါက ဖွံ့ဖြိုးတိုးတက်မှုမရှိနိုင်ကြောင်း၊ ယခုတည်ငြိမ်အေးချမ်းမှု ပျက်ပြားနေသည့်အတွက် တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေရကြောင်း၊ တည်ငြိမ်မှုပျက်ပြားအောင် ဆောင်ရွက်သည့်သူများနှင့် အဖွဲ့အစည်းများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မည်သည့်အကြမ်းဖက်မှုမျိုးနှင့် ဥပဒေချိုးဖောက်ခြင်းကို လက်မခံဘဲ ဥပဒေအရ ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာကြသူများက နောက်ထပ်အလားတူမဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အခက်အခဲအနေဖြင့် ခရီးသွားလာနေသူများ သွားလာမှုလွယ်ကူစေရန်အတွက် ဆောင်ရွက်ပေးစေလိုကြောင်း၊ ယခုဖြစ်ပျက်သွားသည့် အကြမ်းဖက်မှုများကို မိမိတို့အနေဖြင့် ပြင်းထန်စွာရှုတ်ချပါကြောင်း ကျူးလွန်သူများကိုလည်း ထိထိရောက်ရောက် အရေးယူပေးစေလိုကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများကို လေးစားလိုက်နာလျက်ရှိကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

*စာမျက်နှာ ၈ မှ*

ရှင်းပြသဖြင့် မိမိတို့လာရောက်သည့် ရည်ရွယ်ချက်အတိုင်း လုံခြုံအေးချမ်းရေးနှင့် ပြည်သူများ စိတ်ချမ်းသာရေး၊ စိုးရိမ်သောက ဖြေလျှော့ရေးမှာ အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ဟု ထင်ပါကြောင်း၊ ဆွေးနွေးသည့်အထဲတွင် လတ်တလော ဖြေရှင်းရမည့်အချက်များ ပါဝင်သကဲ့သို့ ရေရှည်ဖြေရှင်းရမည့်အချက်များလည်း ပါဝင်ပါကြောင်း၊ အသေးစိတ် ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုံခြုံရေးနှင့် ပတ်သက်ပြီး တစ်နေ့ထက်တစ်နေ့ တည်ငြိမ်အေးချမ်းသွားမည်ဟု ယုံကြည်ပါကြောင်း၊ အားလုံးညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်သွားပါက အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၂-၁၀-၂၀၁၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ ကော်လံ ၄ အပိုဒ် ၅ ၌ စစ်တွေမြို့ မြို့မိမြို့ဖ အဖွဲ့ဝင်၊ မြို့နယ်စာရေးဆရာအဖွဲ့ဝင် မိုးယံစိုးဝင်း (အစား) ဂေါယာမြေစောဝင်းဟု လည်းကောင်း၊ ကော်လံ ၁ အပေါ်ပုံ ပုံစာတွင် စစ်တွေမြို့ မြို့မိမြို့ဖဥက္ကဋ္ဌ ဦးမောင်သာစိန် (အစား) ဂေါယာမြေစောဝင်းဟု လည်းကောင်း၊ အောက်ပုံပုံစာတွင် စစ်တွေမြို့မြို့မိမြို့ဖအဖွဲ့ဝင် မြို့နယ်စာရေးဆရာအဖွဲ့ဝင် မိုးယံစိုးဝင်း (အစား) စစ်တွေမြို့မှ မြို့မိမြို့ဖအဖွဲ့ဝင် ဦးသန်းရွှေဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရောက်နိုင်ငံခြားသားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့်မရှိဘဲ လုပ်ကိုင်နေခြင်းကို ပြည်သူများပါဝင်ကာ ဖော်ထုတ်ပေးစေလို

**ရန်ကုန် အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင်နေထိုင်ပြီး တရားဝင် အလုပ်လုပ်ကိုင်ခွင့် (Work Permit) မရှိဘဲ လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေကြသော ပြည်ပရွှေ့ပြောင်းနိုင်ငံခြားသားများရှိပါက ပြည်သူများအနေဖြင့် သက်ဆိုင်ရာနှင့်အတူ အသိပေးအကြောင်းကြားကာ ပူးပေါင်းဖော်ထုတ်ပေးစေလိုကြောင်း ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

"ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ ရှိပါတယ်။ ဒီအပေါ်မှာ နိုင်ငံခြားသားတွေအနေနဲ့ တရားဝင်အလုပ်လုပ်ခွင့် (Work Permit) မရှိဘဲ လုပ်ကိုင်နေထိုင်နေမယ်ဆိုရင် ပြည်သူလူထုအနေနဲ့ သက်ဆိုင်ရာဌာနတွေ၊ အုပ်ချုပ်ရေးအဖွဲ့တွေကိုအကြောင်းကြားပြီး စုံစမ်းဖော်ထုတ်ပေးစေလိုပါတယ်။ ပြည်သူတွေနေထိုင်လုပ်ကိုင်နေကြတဲ့ ပတ်ဝန်းကျင်တွေမှာပဲ ဒီပြဿနာတွေဟာ ဖြစ်ပေါ်နေတာဆိုတော့ ပြည်သူတွေပူးပေါင်းပါဝင်မယ်ဆိုရင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မယ်လို့ ယူဆပါတယ်။ ဒါဟာ မျိုးချစ်စိတ်ဓာတ်ရှိတဲ့ အမျိုးသားရေးတာဝန်လုပ်ငန်းတစ်ခုပါပဲ။ ဒီအပေါ်မှာ စုံစမ်းစစ်ဆေးမှုတွေလုပ်လို့ တကယ်တရားမဝင်လုပ်ကိုင်နေထိုင်နေတယ်ဆိုရင် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာပါ"ဟု အောက်တိုဘာ ဒုတိယပတ်တွင်ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

ယခုအခါတွင် ပြည်ပရွှေ့ပြောင်းနိုင်ငံခြားသား အလုပ်သမားများအနေဖြင့် စက်မှုကဏ္ဍ၊ ဟိုတယ်ခရီးကဏ္ဍ၊ YCDC ၏ထောက်ခံချက်ဖြင့် ဆောက်လုပ်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ စီးပွားကူးသန်းကဏ္ဍနှင့် အခြားကဏ္ဍများ အပါအဝင် စုစုပေါင်းကဏ္ဍကြီး ရှစ်ခုတွင် တရားဝင်အလုပ်လုပ်ကိုင်နိုင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှစိစစ်၍ Work Permit ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် ဝင်ရောက်လုပ်ကိုင်နေသော နိုင်ငံခြားသား အလုပ်သမား ၃၉၀၀ ကျော်ရှိကြောင်း သိရသည်။ ထိုသူများသည် ပြည်ပမှ Business ဗီဇာဖြင့် ဝင်ရောက်ကာ Work Permit လျှောက်ထားပြီး လုပ်ကိုင်နေသူများရှိသကဲ့သို့ Business ဗီဇာဖြင့် သက်မှတ်နေထိုင်ခွင့်ရက်သာ နေထိုင်ကြပြီး စတေးရှောင်ကာ ဝင်/ထွက်လုပ်ကိုင်နေသူများလည်းရှိကြောင်း သိရသည်။

ယင်းအပေါ် တရားဝင် အလုပ်လုပ်ကိုင်ခြင်း ဟုတ်မဟုတ် သက်ဆိုင်ရာက စိစစ်ပေးစေလိုကြောင်း ပြည်တွင်းလုပ်ငန်းခွင်များရှိ လုပ်သားအများစု၏ ပြောကြားချက်အရ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**



# ပဋိပက္ခဖြစ်ပွားပြီးနောက် ဘရာဇီးလုံခြုံရေးအကြီးအကဲရာထူးမှ နုတ်ထွက်

**ရီယိုဒီဂျနေရိုး　အောက်တိုဘာ ၁၂**

ဘရားဇီးနိုင်ငံ ရီယိုဒီဂျနေရိုး၌ ၁၀နှစ်နီးပါးကြာအောင် တာဝန်ယူထမ်းဆောင်ခဲ့သူ ဘရာဇီးလုံခြုံရေးအကြီးအကဲ ဂျိုစီဘယ်လ်ထရိမ်းသည် မကြာသေးမီက ပေါ်ပေါက်ခဲ့သည့်ပဋိပက္ခအပြီးတွင် ရာထူးမှ နုတ်ထွက်သွားကြောင်း သိရသည်။

မစ္စတာဂျိုစီဘယ်လ်ထရိန်းသည် မြို့တော်ရီယို၏ အိမ်နီးချင်းနယ်မြေအချို့တွင် ရဲအဖွဲ့နှင့်သံသယဖြစ်ဖွယ် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူများအကြား ပဋိပက္ခအကြီးအကျယ်ဖြစ်ပွားခဲ့ပြီးနောက် တစ်ရက်တွင် ရာထူးမှနုတ်ထွက်ခဲ့သည်။

ပဋိပက္ခဖြစ်ပွားမှုကြောင့် တနင်္လာနေ့က ဈေးဆိုင်များကို ပိတ်ထားခဲ့ရသည်။ ပါဗာအိုဇင်ဟို ယာယီရွှေ့ပြောင်းအိမ်များရှိရာ မြို့ငယ်တွင်စီးနင်းတိုက်ခိုက်ခံရမှုအတွင်း လူသုံးဦးသေဆုံးခဲ့ပြီး အချို့ကိုဖမ်းဆီးရမိခဲ့သည်။

အွန်လိုင်းပေါ်တွင် လွှင့်တင်ထားသည့်ပုံများတွင် ရဲကပစ်ခတ်လိုက်ပြီးနောက် အကြမ်းဖက်ရာဇဝတ်ကောင်ဟု သံသယရှိသူတစ်ဦး တောင်ကုန်းပေါ်မှ ပြုတ်ကျသွားခဲ့သည်ကို မြင်တွေ့ရသည်။ ပါဗာအိုဇင်ဟိုမြို့နယ်ကို တောင်ကုန်းပေါ်တွင် တည်ဆောက်ထားပြီး အဆိုပါတောင်ကုန်းသည် ကိုပါကာဘနာ၊ အီပါနီမာနှင့်လာဂိုအာ အိမ်နီးချင်းဒေသများကို ပိုင်းခြားပေးထားသည်။

**(ဘီဘီစီ)**

# ဩစတြေးလျမိုးလေဝသဗျူရို၏ ဆိုက်ဘာ တိုက်ခိုက်ခံရမှုကို နိုင်ငံခြားသူလျှိုများ လုပ်ခဲ့ဟုဆို

**မဲလ်ဘုန်း　အောက်တိုဘာ ၁၂**

ဩစတြေးလျမိုးလေဝသဌာန၏ ကွန်ပျူတာစနစ်ကို ဆိုက်ဘာတိုက်ခိုက်ခဲ့မှု၏နောက်ကွယ်တွင် နိုင်ငံခြားသားသူလျှိုများ ပါဝင်နေကြောင်း တရားဝင်သတင်းထုတ်ပြန်မှုတစ်ရပ်တွင် ဖော်ပြခဲ့သည်။

၂၀၁၅ တွင် ဩစတြေးလျ၏ အကြီးဆုံးစူပါကွန်ပျူတာစနစ်ပိုင်ဆိုင်ထားသည့် BOM မိုးလေဝသဌာန၏ ဆိုက်ဘာတိုက်ခိုက်ခံရမှုနှင့်ပတ်သက်သည့် အသေးစိတ် အချက်အလက်အသစ်အချို့ကို အဆိုပါသတင်းထုတ်ပြန်မှုတွင် ဖြည့်စွက်ဖော်ပြ ခဲ့သည်။

ဩစတြေးလျအသံလွှင့်ကော်ပိုရေးရှင်းက ဆိုက်ဘာတိုက်ခိုက်သည်ဟု တရုတ်ကို စွပ်စွဲခဲ့သည့် အာဏာပိုင်များ၏ ပြောဆိုမှုကို ကိုးကားဖော်ပြခဲ့သည်။ တရုတ်က မဟုတ်ကြောင်း ငြင်းဆန်ထားသည်။

မိုးလေဝသဗျူရိုသည် အခြားနိုင်ငံများအတွက် တန်ဖိုးရှိမည့် သိပ္ပံနည်းကျသုတေသနစမ်းသပ်မှုဆိုင်ရာ အချက်အလက်များကို ထုတ်လွှင့်ခဲ့သည်။

အခြားသော ဝန်ဆောင်မှုများအနေဖြင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို စီးပွားရေးသုံးလေကြောင်းလိုင်းများနှင့် သင်္ဘောခရီးစဉ်များသို့ပေးပို့ခြင်း၊ ရေကြောင်းထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ စိစစ်မှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အချက်အလက်ရယူမှုလုပ်ငန်းများကို ကာကွယ်ရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကူညီပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဘီဘီစီ)**

# ထရန့်နှင့်ကင်းကင်းနေကြရန် ရီပတ်ဘလစ်ကန်ခေါင်းဆောင်များအား အိုဘားမားတိုက်တွန်း

**ဝါရှင်တန်　အောက်တိုဘာ ၁၂**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အကြီးတန်းရီပတ်ဘလစ်ကန်ပါတီဝင်များအား ရီပတ်ဘလစ်ကန်သမ္မတလောင်းအဖြစ် ဒေါ်နယ်ထရန့်အားထောက်ခံနေခြင်းကို ရုပ်သိမ်းကြရန်တိုက်တွန်းပြောကြားခဲ့သည်။

ဒီမိုကရက်တစ်ပါတီမှ ယှဉ်ပြိုင်သူ ဟီလာရီကလင်တန်ကို ထောက်ခံသောအားဖြင့် အိုဘားမားက အိမ်ဖြူတော်လူထုစည်းဝေးပွဲတစ်ခုတွင် ထိုသို့ပြောဆိုခြင်းသည် ထရန့်နှင့် ပတ်သက်၍ အငြင်းပွားဖွယ်ရာ ဝေဖန်ပြောဆိုမှုများကို ၄င်းအားလူသိရှင်ကြား စွပ်စွဲကဲ့ရဲ့သည့်သဘောမျိုး မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

အမျိုးသမီးများနှင့် ပတ်သက်ပြီး မဖွယ်မရာ ပြောဆိုမှတ်ချက်ချခဲ့သည့် ဗီဒီယိုထွက်ပေါ်လာမှုကြောင့် ရီပတ်ဘလစ်ကန် ထိပ်တန်းခေါင်းဆောင်များကို ထရန့်နှင့်ကွာဝေးသွားခဲ့သည်။ ထိုသို့ဖြစ်သွားသည့်အတွက် ထရန့်က အဆိုပါပုဂ္ဂိုလ်များကို သစ္စာမရှိသူများအဖြစ် ပြောဆိုခဲ့သည်။

ထရန့်သည်အိမ်ဖြူတော်ပြေးရေးဆိုခွင့်ရှိသူ ပေါလ်ရိုင်ယန်ကိုအထင်အမြင်သေးလျက်ရှိပြီး အားနည်းနေသူ၊ စွမ်းဆောင်နိုင်မှုမရှိသူအဖြစ် ကဲ့ရဲ့ဝေဖန်ခဲ့သည်။

**(ဘီဘီစီ)**



# တိုကျိုတွင် လျှပ်စစ်အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွား၍ ဓာတ်အားပြတ်တောက်

**တိုကျို　အောက်တိုဘာ ၁၂**

တိုကျိုမြို့အနီး လျှပ်စစ်အဆောက်အအုံတစ်လုံးတွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် အောက်တိုဘာ ၁၂ ရက် မွန်းလွဲပိုင်းက တိုကျိုတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြီးဖြစ်ပွားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

တိုကျိုလျှပ်စစ်စွမ်းအားကုမ္ပဏီက အိမ်ပေါင်း ၃၅၀၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်သွားခဲ့ပြီး မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ဆိုသည်။

လျှပ်စစ်မီးပြတ်တောက်မှုကြောင့် မီးရထားခရီးစဉ် အဆင်မပြေမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ထို့အပြင် တိုကျိုမြို့လယ်ရှိ အစိုးရရုံးများတွင်လည်း မီးပြတ်တောက်မှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# နိုင်ငံတကာအသိုင်းအဝိုင်းထံမှ လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ဟေတီလိုအပ်လျက်ရှိကြောင်း ဘန်ကီမွန်းပြော

**ပေါ်တိုပရင့်စ် အောက်တိုဘာ ၁၂**

ဟေတီသည် လူသားချင်းစာနာမှုဆိုင်ရာ ဘေးဒုက္ခအကျပ်အတည်းများ ရင်ဆိုင်နေရသောကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများလိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂအကြီးအကဲက ပြောကြားခဲ့သည်။ ဟာရီကိန်းမက်သရူးဝင်ရောက်တိုက်ခတ်ပြီးနောက် ဟေတီတွင် လူပေါင်း ၁ ဒသမ ၄ သန်းထက်မနည်း အရေးပေါ်အကူအညီ လိုအပ်လျက်ရှိကြောင်းသိရသည်။

ဟာရီကိန်း မက်သရူးကြောင့် ဆင်းရဲချွတ်ခြုံကျနေသည့် ကရစ်ဘီယန်နိုင်ငံတွင် လူပေါင်း ၉၀၀ ထက်မနည်းသေဆုံးခဲ့ကြောင်းသိရပြီး ကယ်ဆယ်ရေးလုပ်သားများသည် သွားလာရခက်ခဲသောနေရာများအား မရောက်သေးသောကြောင့် သေဆုံးသူအရေအတွက်မှာ ပိုမိုများပြားလာနိုင်ကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့က လာမည့်သုံးလအတွင်း ဟေတီဘေးဒုက္ခအခက်အခဲများကို ဖြေရှင်းရန်အတွက် အရေးပေါ်အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကူညီခဲ့သည်။ အချို့မြို့များနှင့် ရွာများသည် မြေပုံပေါ်မှ ပျောက်လုနီးပါးဖြစ်သွားပြီဖြစ်ကြောင်း၊ အရေးပေါ်တုံ့ပြန်မှုများ အလျင်အမြန်လိုအပ်လျက်ရှိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားသည်။



တန် ၂၀ကျော်ရှိသော ရိက္ခာများကိုလူသားချင်းစာနာမှုဆိုင်ရာ အကူအညီအဖြစ် ဟေတီနိုင်ငံ ဂျရမီသို့ ကုလသမဂ္ဂစားနပ်ရိက္ခာ အစီအစဉ်မှ ပေးပို့ခဲ့သည်။ ထက်ဝက်ကျော်မှာ မုန်တိုင်းဒဏ်ခံရသော လက်စ်ကေစ်သို့ ပေးပို့ခဲ့သည်။

မုန်တိုင်းဒဏ်ခံရသောဒေသများတွင် ဝမ်းရောဂါကို ဆိုးရွားစွာခံစားနေရကြောင်းသိရသည်။ အကူအညီပေးရေးအဖွဲ့များအား တကယ်လိုအပ်နေသောနေရာများကို ဦးတည်ချက်ထားကူညီ ထောက်ပံ့မှုများ ပြုလုပ်သွားရန် ဟေတီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းအကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းတိုင်ပင်ရေးမှူး မိုးရက်ဒ်ဝါဘက ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ဒေါ်နယ်ထရန့် ဟီလာရီကလင်တန်အား ရှုံးနိမ့်လျက်ရှိ

**ဝါရှင်တန်　အောက်တိုဘာ ၁၂**

မဲဆန္ဒရှင်များ၏ ထောက်ခံမဲရလဒ်အရ ဒေါ်နယ်ထရန့်သည် ဟီလာရီကလင်တို့ထက် အရေးနိမ့်နေကြောင်း ထိုသို့ဖြစ်ရခြင်းမှာ ရီပတ်ဘလစ်ကန်မဲဆန္ဒရှင်ငါးဦးလျှင်တစ်ဦးမှာ ထရန့်အနေဖြင့် မိန်းကလေးများအား အဝတ်အစားလဲခန်းထဲတွင် ပြောသည့်စကားနှင့်ပတ်သက်ပြီး မနှစ်မြို့ခြင်း တို့ကြောင့်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။ ထိုသို့ ပြုလုပ်ခြင်းက ၄င်းအားသမ္မတအနေဖြင့် မထိုက်တန်ကြောင်း ဖော်ပြသလိုဖြစ်နေကြောင်း မဲဆန္ဒရှင်များက ပြောသည်။

မဲဆန္ဒရှင်များ၏ ထင်မြင်ယူဆချက်မဲပေးမှုများကို တနင်္ဂနွေနေ့ ဒုတိယအကြိမ်စကားစစ်ထိုးပွဲပြီးနောက် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထရန့်သည် ၄င်းအနေဖြင့် ဗီဒီယိုတွင် မိန်းကလေးများနှင့် ပတ်သက်ပြီး မဖွယ်မရာမှတ်ချက်ပြုခြင်းနှင့် ပတ်သက်ပြီး တောင်းပန်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ရိုက်တာ)**

# ဒလမြို့နယ်ဆေးရုံကို ဆေးရုံအင်္ဂါရပ်နှင့်အညီ ဆေးရုံသုံးပစ္စည်းများနှင့် ဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားမည်

**ဒလ အောက်တိုဘာ ၁၂**

ဒလမြို့နယ်ဆေးရုံကို ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် မြှင့်တင်ရန် ခွင့်ပြုချက်ကျလာပါက ဆေးရုံအင်္ဂါရပ်နှင့်အညီ စံကိုက်အဆောက်အအုံများ ဆေးရုံသုံးပစ္စည်းများနှင့် ဝန်ထမ်းအင်အားတို့ကို တိုးမြှင့်ခန့်ထားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက ပြောကြားသည်။

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး(သတ္တမနေ့) အစီအစဉ်တွင် ပါဝင်သော ဒလမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရွှေယင်(ခ) ဦးထွန်းရင်၏ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမှုအပေါ် လူမှုရေးဝန်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်သည်။

ဒလမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရွှေယင်(ခ) ဦးထွန်းရင်က ဆေးရုံအတွက် လိုအပ်ချက်များမှာ လူနာများကျပ်တည်းနေခြင်း၊ အခန်းများ မလုံလောက်ခြင်း၊ ခွဲစိတ်ဆောင်ကို ဆေးသိုလှောင်ရုံအဖြစ် ထားရှိခြင်း၊ မွေးခန်းကျဉ်းမြောင်းပြီး မွေးလူနာ နှစ်ဦးပြိုင်တူမမွေးနိုင်ခြင်း၊ ဆေးကုသလူနာများ နေ့စဉ်များပြားနေခြင်း၊ လူနာစောင့်များ နေထိုင်ရန်နေရာမရှိခြင်း၊ ဝန်ထမ်းလိုင်းခန်းများ ပျက်စီးယိုယွင်းနေခြင်း၊ ဆေးရုံသုံးပရိဘောဂပစ္စည်းများစွာ လိုအပ်နေခြင်း၊ ဆေးရုံခြံစည်းရိုးအကာအရံ အပြည့်အဝမရှိခြင်း၊ ရေဝပ်နေသော အနိမ့်ပိုင်းများကို မြေသားဖို့ရန် လိုအပ်နေခြင်း၊ သောက်သုံးရေ လိုအပ်ခြင်း၊ အနံ့အသက်များ ဆိုးရွားနေခြင်းကြောင့် ပန်ကာများ တပ်ဆင်ရန်လိုအပ်ခြင်း၊ ခွေးရူးပြန်ကာကွယ်ဆေးလိုအပ်ခြင်း၊ ဝန်ထမ်းများ လုံလောက်မှုမရှိခြင်း၊ ဆရာဝန်များလည်း လုံလောက်မှုမရှိခြင်း၊ နှစ်စဉ် ဘတ်ဂျက်မရရှိခြင်း၊ အရေးပေါ်လူနာခုတင်များလိုအပ်ခြင်း၊ ဆေးရုံကြမ်းခင်းများ ပျက်စီးယိုယွင်းနေခြင်း၊ ဆေးကုသရန် ခွဲစိတ်ခန်းနှင့် ရင်ခွဲရုံလိုအပ်ခြင်း၊ ဆေးသိုလှောင်ရုံလိုအပ်ခြင်း၊ သွားဆေးခန်းနှင့်တီဘီခန်း အသုံးအဆောင်ပစ္စည်းများ မပြည့်စုံခြင်း၊ ခာတ်ခွဲခန်းနှင့် HIV ခန်းကို ပူးတွဲထားခြင်းကြောင့် သီးခြားခွဲထုတ်လိုအပ်ခြင်းများကို တွေ့ရှိရ၍ လူနာနှင့်ဆေးရုံမှာ မျှတမှုမရှိခြင်းကြောင့် ယခင် ၂၅ ခုတင်ဆံ့ ဆေးရုံအဆင့်မှ ယခုအခါ ခုတင် ၅၀ ဆံ့အဆင့်ထိ တိုးမြှင့်နိုင်ပါမှ သင့်တော်မည်ဟု ယူဆမိပါကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်ဆေးရုံသည် အောင်မင်္ဂလာရပ်ကွက် ဒလ-တွံတေးကား လမ်းမပေါ်တွင် တည်ရှိပြီး ၁၉၈၁ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သော မြို့နယ်ဆေးရုံဖြစ်ပြီး ယင်းအချိန်က ဒလမြို့နယ် လူဦးရေမှာ လေးသောင်းခန့်သာရှိပြီး ရပ်ကွက်အားဖြင့် ၁၆ ရပ်ကွက်ရှိကြောင်း သိရသည်။ ယခုအခါလူဦးရေ ၁၇၀၀၀၀ ခန့် ရှိနေပြီး ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာ ၅၅ ရွာ ရှိသည်ဟု သိရသည်။



လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက “၂၅ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၅၀ ဆံ့ ဆေးရုံအဆင့်ကို မြှင့်တင်ပေးရန် ၉-၆-၂၀၁၆ ရက်နေ့တွင် ကုသရေးဦးစီးဌာန ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နေပြည်တော်ကို တင်ပြထားပြီးဖြစ်ပါတယ်။ ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် မြှင့်တင်ရန် ခွင့်ပြုချက်ကျလာပါက ဆေးရုံအင်္ဂါရပ်နဲ့အညီ စံကိုက်အဆောက်အအုံများ ဆေးရုံသုံးပစ္စည်းများနဲ့ ဝန်ထမ်းအင်အားတို့ကို တိုးမြှင့်ခန့်ထားနိုင်မှာဖြစ်ပါတယ်။ ယခု ဒလဆေးရုံတွင် ၂၅ ခုတင်ဆံ့ ဆေးရုံအတွက် လိုအပ်သော ဆရာဝန်နဲ့ သူနာပြုအင်အားမှာ ၇၅ % အထက်ရှိပြီး လိုအပ်သော ဝန်ထမ်းတွေ အမြန်ဆုံးခန့်ထားဖို့ အစီအစဉ်ရှိပါတယ်။ လက်ရှိ ဆေးရုံအဆောက်အအုံ ပျက်စီးယိုယွင်းမှုအား အသေးစိတ်ပြင်ဆင်မှုများ ပြုလုပ်ပြီးကြောင်း ဖြစ်ပါတယ်။ လိုအပ်ချက်များရှိပါက ကျွန်တော်ကိုယ်တိုင် ကွင်းဆင်းပြီး ထပ်ပြီးဖြည့်ဆည်းပေးဖို့ အစီအစဉ်ရှိပါတယ်” ဟု ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင် မေးခွန်း ၁၂ ခု မေးမြန်းခြင်း၊ အဆိုတစ်ခုကို လွှတ်တော်သို့ တင်သွင်းခြင်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုတစ်ခုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်း၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးခေါင်းစဉ်စာရင်းထဲတွင် မပါဝင်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မည်သည့်ကဏ္ဍမှ ဘဏ္ဍာငွေများ ရရှိလာပါသနည်း မေးခွန်း၊ မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၏ မရမ်းကုန်းမြို့နယ် အမှတ်(၁၊၂)ရပ်ကွက်များတွင် ရေဖြန့်ဝေပေးမှုစနစ်အား ၂၀၂၀ ခုနှစ်အထက်စော၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ တွံတေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ် စားလှယ် ဒေါက်တာကျော်ဇင်ဦး၏ ကြည့်မြင်တိုင်ငါးဈေးရှိ ကုန်တင်ကုန်ချ ပြုလုပ်သည့် ကျောက်ဖောတံတား (၁၊၂) တို့အား ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော်မောင်၏ မြို့နယ်အတွင်းရှိ ကျန်စစ်သားလမ်း၊ ရာဇဓိရာဇ်လမ်း၊ တပင်ရွှေထီးလမ်း၊ မင်းရဲကျော်စွာလမ်းများ၏ ရေနုတ်မြောင်းကို အုတ်စီကွန်ကရစ်မြောင်းအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ၏ မြို့နယ်အတွင်းရှိ ရတနာပုံလမ်းနှင့် စွယ်တော်လမ်းရှိ အားကစားကွင်းနေရာကို ကလေးကစားကွင်းအဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ ကျောက်တံတားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြလှစံ ၏ ၃၃ လမ်း(အလယ်)၊ ၃၄ လမ်း(အထက်)၊ ၃၆လမ်း(အလယ်/အထက်)၊ ၃၈ လမ်း (အလယ်)၊ ဆိပ်ကမ်းသာလမ်း(အလယ်/အထက်)၊ ၃၉ လမ်း (အောက်)၊ လမ်း ၄၀ (အထက်/အောက်) လမ်းနေရာများတွင် ထပ်ပိုးကတ္တရာခင်းပေးရန် အစီအစဉ် ရှိ/မရှိ၊ ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်မင်း(ခ) ဦးဂေးမောင်၏ ၁၉၈၉ ခုနှစ်တွင် လှိုင်မြို့နယ်မှ ရွှေပြည်သာမြို့သစ်သို့ ပြောင်းရွှေ့ခံထားရသော ပြည်သူများအား မြေပါမစ်ချထားပေးရန် အစီအစဉ် ရှိ/မရှိ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထွေး၏ မြို့နယ်အတွင်း အမှိုက်ခွန်မကောက်ရသေးသော ရပ်ကွက်များနှင့် ကျေးရွာများကို မည်သည့်ကာလတွင် စတင်ကောက်ခံမည်ကို သိရှိလိုကြောင်း မေးခွန်း၊ သာကေတမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်သက်ထားနွယ်ဝင်း၏ ၁/ထူပါရုံရပ်ကွက် စုပေါင်းဝန်ထမ်းအိမ်ရာရှိ မြေနေရာအား ပန်းခြံအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ဒလမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရွှေယင်(ခ) ဦးထွန်းရင်၏ ၂၅ ခုတင်ဆံ့ ဆေးရုံအား ခုတင် ၅၀ ဆံ့ အဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ဆိပ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ၏ မြို့နယ်ပြည်သူ့ဆေးရုံတွင် လစ်လပ်လျက်ရှိသော ဝန်ထမ်း ၃၁ ဦးကို အလျင်အမြန် ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနှင့် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၁၃ ကျောင်းအား မြေငှားဂရန်ချထားပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းများကို မေးမြန်းခဲ့ကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့ကြသည်။

**ထင်ပေါ်ဝင်း**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် သား/ငါးဈေးနှုန်းကျဆင်းရေးအတွက် နည်းလမ်းရှာဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၂**

ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (ဆဋ္ဌမနေ့)ကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ၁၆ ခု မေးမြန်းဖြေကြားခြင်းနှင့် အဆို သုံးခုအား ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဒလမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး(ခ) ဦးမြသိန်း၏ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူများအတွက် သား/ငါးဈေးနှုန်းချိုသာစွာစားသုံးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း၊ ဆိပ်ကမ်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သန်း၏ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်း၊ အသင်းစုများ၏ မြေယာပိုင်ဆိုင်မှုအပေါ် ဆောင်ရွက်သည့် လုပ်ငန်းများသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိနှင့် စီမံ ခန့်ခွဲမှုမည်သို့ရှိသည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် မရမ်းကုန်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၏ ဆောက်လုပ်ခွင့်ပါမစ်မရရှိမီ လူနေတိုက်ခန်းများအား တားမြစ်ချက်ကိုဖောက်ဖျက်ကာ ဆောက်လုပ်ခြင်းတို့ကြောင့် ပုဒ်မ (၆၈)(၆၉) တို့အရ ဒဏ်ငွေပေးဆောင်ရခြင်းတို့ကို မြေပိုင်ရှင်များသည် မည်သည့်ကာလအထိ ဒဏ်ငွေပေးဆောင်ရမည်၊ ၎င်းတို့အား ဆောက်လုပ်ခွင့် ပါမစ်ချပေးရန် အသင့်တော်ဆုံးဖြစ်အောင် မည်သို့ ဆက်လက်ဖြေရှင်းဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် စွမ်းအင်ဝန်ကြီး ဦးဟန်ထွန်းက ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ နိုင်ငံတော်အတွက်၊ တိုင်းဒေသကြီးအတွက် အခွန်ငွေရရှိရန် ရှာဖွေဆောင်ရွက်ပေးလျက်ရှိပြီး ငါးများစိုက်ထည့်ပေး၍ ငါးအထွက်တိုး၍ ယင်းမှတစ်ဆင့် ငါးဈေးများ ချိုသာစွာ ပြည်သူလူထု ဝယ်ယူစားသုံးနိုင်မည်ဟု မျှော်လင့်မိပါကြောင်း၊ ကုန်ဈေးနှုန်းနှင့် ပတ်သက်၍ ပစ္စည်းတစ်ခု၊ တစ်မယ်ချင်းအလိုက် သီးခြားဈေးနှုန်းရှိကြသော်လည်း ထိုဈေးနှုန်းသည် အခြားဆက်စပ်ပစ္စည်းဈေးနှုန်းများနှင့် ဆက်နွယ်မှုရှိနေသည့်အတွက် ဘက်ပေါင်းစုံမှ မှန်ကန်သော အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအနေဖြင့် သား/ငါးဈေးနှုန်းကျဆင်းရေးအတွက် နည်းလမ်းရှာဖွေညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး ငါးဈေးနှုန်း ကျဆင်းလာအောင်၊ ချိုသာလာအောင် ဆောင်ရွက်မည်ဆိုပါက လူမှုစီးပွားဘဝ ဦးစွာထိခိုက်ခံစားရမည့် ရေလုပ်သားများ၏ ဘဝကိုလည်း စဉ်းစားရန်လိုအပ်ပါကြောင်း၊ ငါးဖမ်းရေယာဉ်တွင် ကမ်းနီး၊ ကမ်းဝေး၊ ကမ်းလွန်ငါးဖမ်းလုပ်ငန်းတို့တွင် နိုင်ငံသားများကို စနစ်တကျ မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဝန်ကြီးက သမဝါယမဦးစီးဌာနပိုင် မြေယာအဆောက်အအုံများ ငှားရမ်းခြင်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအသင်း အဆင့်ဆင့်မှ ပိုင်ဆိုင်သော အဆောက်အအုံမြေနေရာများပေါ်တွင် ဆောင်ရွက်နေသည့် လုပ်ငန်းများသည် သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ အသင်းသား၊ အသင်းဝင်များ၏ အကျိုးစီးပွားကို ရှေးရှု၍ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အဆိုပါ သမဝါယမအသင်းများ၏ပိုင်ဆိုင်မှုများ/လုပ်ငန်းဆောင်ရွက်မှုမှရရှိလာသော အကျိုးခံစားခွင့်များသည် သက်ဆိုင်ရာ အသင်းသား(သို့)အသင်းဝင်နှင့်သာ သက်ဆိုင်ပြီး အသင်းသားမဟုတ်သည့် အများပြည်သူများနှင့် သက်ဆိုင်မှုမရှိပါကြောင်း ဖြေကြားသည်။

ထို့နောက် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးရန်ရှင်း၏ မေးမြန်းချက်အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုးက ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ခွင့်ပြုချက်မဲ့ ဆောက်လုပ်ခြင်းနှင့် ခွင့်ပြုချက်နှင့် ကွဲလွဲ၍ အထပ်ပိုဆောက်လုပ်ခြင်းအတွက် ပုဒ်မ(၆၈)နှင့် ပုဒ်မ(၆၉)အရ တရားစွဲအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဩဂုတ် ၃၁ ရက်အထိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း စုစုပေါင်းအဆောက်အအုံ ၂၁၃၉ လုံးကို တရားစွဲအရေးယူထားပြီး ပုဒ်မ(၆၈)အရ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်ကြောင်း (သို့) လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားပါက ထိုသူကို ထောင်ဒဏ်(၁)နှစ်ထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ် (၁)သောင်းမှ အများဆုံး (၅)သိန်းထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟု ပုဒ်မ(၆၉)နှင့် ပုဒ်မ(၆၈)အရ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် အဆိုပါ ဥပဒေပြဋ္ဌာန်းချက်များကို ဆက်လက်ဖောက်ဖျက်ကျူးလွန်လျှင် (သို့) လိုက်နာရန်ပျက်ကွက်လျှင် ထိုသူကို ဆက်လက်ဖောက်ဖျက်ကျူးလွန်ခြင်း (သို့) ပျက်ကွက်ခြင်းပြုသည့်နေ့အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံးငွေကျပ် (၁)သောင်းမှ အများဆုံး ကျပ် (၅)သောင်းထိဖြစ်စေ၊ ထောင်ဒဏ် (၁)နှစ်ထိဖြစ်စေ ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ခွင့်ပြုချက်မဲ့ ဆောက်လုပ်ခြင်းနှင့် ခွင့်ပြုပုံစံကွဲလွဲမှုအတွက် ပုဒ်မ(၆၈)ဖြင့် စွဲဆိုထားသော အမှုများကို တရားရုံးမှ ငွေကျပ် (၅)သိန်းထက်မပိုသော ဒဏ်ကြေးအား ပေးဆောင်စေကြောင်း၊ ပုဒ်မ(၆၈)အရ ဒဏ်ကြေးပေးဆောင်ပြီးသော်လည်း ခွင့်ပြုမိန့်မရသေး၍ ပုဒ်မ(၆၉)ဖြင့် ဆက်လက်တရားစွဲဆိုပါက တရားရုံးတွင် နေ့စဉ်ဒဏ်ကြေးငွေကျပ် (၅)သောင်းထိ ဒဏ်ရိုက်နိုင်သော်လည်း များသောအားဖြင့် အနည်းဆုံးဒဏ်ကြေးဖြစ်သော နေ့စဉ်ဒဏ်ကြေးငွေကျပ် (၁)သောင်းကိုသာ ဒဏ်ရိုက်လျက်ရှိကြောင်း၊ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သော အဆောက်အအုံများကို ခွင့်ပြုချက်ထက် ကျော်လွန်စွာ ဆောက်လုပ်ထားသော အဆောက်အအုံများနှင့် ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားစွဲအရေးယူပြီး ပိုမိုဆောက်လုပ်ထားသောအထပ်များကို ပြန်လည်ဖျက်သိမ်းစေလျက်ရှိသော်လည်း ပြန်လည်ဖျက်သိမ်းခြင်းမရှိဘဲ ခွင့်ပြုချက်ပေးရန်သာ လျှောက်ထားသောကြောင့် လိုင်စင်ရအဆောက်အအုံ အင်ဂျင်နီယာ SEC ၏ စိစစ်တာဝန်ယူမှုဖြစ်စေ၊ ကြိုတင်ဆောက်လုပ်ထားသော အဆောက်အအုံအစိတ်အပိုင်းအနေဖြင့် ကြိုတင်ဆောက်လုပ်ဒဏ်ကြေးဖြစ်သော ပုံမှန် စစ်ခပေးဆောင်မှုနှင့်ဖြစ်စေ ဖြေလျှော့မှုခွင့်ပြုထားကြောင်း၊ ကြိုတင်ဆောက်လုပ်ဒဏ်ကြေးအနေဖြင့် ခွင့်ပြုနိုင်သောအတိုင်းအတာနှင့် အထပ်အရေအတွက်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအစိတ်အပိုင်းအတွင်း၌ တစ်စတုရန်းပေလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ခွင့်ပြုပေးနိုင်သော အတိုင်းအတာအရ အထပ် အရေအတွက်ထက် ပိုမိုဆောက်လုပ်ထားသော အဆောက်အအုံအတွက် တစ်စတုရန်း ပေလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းဖြင့် ကောက်ခံလျက်ရှိကြောင်း။

ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးနေသော်လည်း သက်ဆိုင်ရာမြေရှင်နှင့် လိုင်စင်မဲ့ ကန်ထရိုက်များသည် အကြောင်းအမျိုးမျိုးပြကာ ဒဏ်ကြေးငွေပေးဆောင်ရန် ရှောင်လွှဲနေသည့်အတွက် ဆောက်လုပ်ခွင့်များကို ပြီးပြတ်အောင်မဆောင်ရွက်နိုင်ဘဲ ဆိုင်းငံ့နေရကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)က ဆောက်လုပ်ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးအား တရားစွဲထားသောအမှုကို ပြန်လည်ရုပ်သိမ်းပေးလျက်ရှိကြောင်း၊ အချို့သည် နားမလည်၍ဖြစ်ပြီး အချို့သည် ကန်ထရိုက်၏ လိမ်လည်မှုကြောင့် မြေရှင်နစ်နာမှုလည်းရှိ၍ ပြန်လည်စိစစ်မှုရှိကြောင်း၊ အချို့က ဒဏ်ကြေးငွေပေး၍ ဥပဒေကို လက်တစ်လုံးခြားလုပ်သူများလည်း ရှိကြောင်း၊ ကြီးကြပ်မှုအားနည်းသည့်အပိုင်းများလည်း ရှိခဲ့၍ နောက်ပိုင်းတွင်ခွင့်ပြုချက်ဖြင့် ပိုလာသော အဆောက်အအုံများသည် သက်ဆိုင်ရာတာဝန်ရှိသော ဌာန၏ တာဝန်သာဟု အမိန့်ထုတ်ထားကြောင်း၊ သတင်းရရှိမှုလည်းလို၍ သတင်းရရှိပါက ချက်ချင်း ဖြေရှင်းဆောင်ရွက်နေပါကြောင်း ဖြေကြားသည်။

**သန်းထိုက်**

# အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အား ချောင်းမြောင်းပစ်ခတ်၊ ဝါးပိတ်ကျေးရွာအား မီးရှို့ဖျက်ဆီး




**နေပြည်တော် အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကျီးကန်းပြင်ကျေးရွာအနီးရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်မှ အိမ်ထောင်သည်လိုင်းခန်းကို ယနေ့ နံနက် ၁၀ နာရီခန့်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ ငါးဦးခန့်က ဌာနချုပ်၏ အရှေ့တောင်ဘက် တောင်ကုန်းမှ လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းက ၎င်းနေရာတစ်ဝိုက်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ဝါးပိတ်ကျေးရွာမှတစ်ဆင့် အရှေ့တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသဖြင့် တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းစဉ် ဝါးပိတ်ရွာအနီး ပုန်းခိုနေသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများက ကျေးရွာကို မီးရှို့ထွက်ပြေးသွားပြီး တပ်မတော်စစ်ကြောင်းက မီးလောင်မှုအား ဝိုင်းဝန်းကူညီငြိမ်းသတ်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ အိမ်ခြေ ၂၅ လုံးခန့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ တပ်မတော်စစ်ကြောင်းများသည် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




# တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများနှင့် တိုက်ပွဲဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၁၂**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်ခဲ့မှုများကြောင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိသည်။

**ဆုတ်ခွာထွက်ပြေး**

တပ်မတော်စစ်ကြောင်းသည် မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာသို့ ယနေ့ နံနက် ၇ နာရီခန့်က ရောက်ရှိရှင်းလင်းစဉ် ရွာတွင်း၌ရှိနေသည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် ရွာ၏အနောက်ဘက်သို့ ထွက်ပြေးသွားရာ ထက်ကြပ်လိုက်လံရှင်းလင်းစဉ် ၎င်းတို့က သေနတ်၊ တုတ်၊ ဓားများဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သောကြောင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများသည် အနောက်မြောက်ဘက်သို့ ဆက်လက်ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများထံမှ အလောင်း ၁၀ လောင်းနှင့် တစ်လုံးထိုးသေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ် ဖြစ်ပွားရာအနီးတစ်ဝိုက်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ခိုအောင်းနေထိုင်မှုမရှိစေရေး တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဒလ - တွံတေး ကားလမ်း၌ လမ်းပြင်နေသူနှစ်ဦးအား ဝိုင်းဝန်းထိုးကြိတ်

**ဒလ အောက်တိုဘာ ၁၂**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်၌ အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်က စည်ပင်နေ့စားဝန်ထမ်း ဦးကျော်ဒွေး (၃၂ နှစ်) ဒလမြို့နယ် စည်ပင်ဝင်းနေသူနှင့် စည်ပင်ယာဉ်မောင်း ဦးသန်းထိုက်အောင် (၄၅ နှစ်) ကန်ဘဲ့စည်ပင်အိမ်ရာဝင်း (၈)ရပ်ကွက် ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေသူတို့သည် အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ကမာကဆစ်ရပ်ကွက် ဒလ- တွံတေး ကားလမ်းမကို ကတ္တရာခင်းရန် လမ်းပေါ်၌ ရပ်ထားသည့် 4C/---- Misubishi FUSO မှန်လုံယာဉ်အား လမ်းခင်းမည့်နေရာနှင့် မလွတ်သဖြင့် နေရာရွှေ့ခိုင်းရာမှ ယာဉ်ပိုင်ရှင် ဝေယံဦး(၂၅ နှစ်) တပင်ရွှေထီးရပ်ကွက် ဒလမြို့နေသူနှင့် စကားများ၍ ညီဖြစ်သူ သက်ပိုင်ဦး (၂၂ နှစ်) (လိပ်စာတူ)တို့က ဦးသန်းထိုက်အောင်ကို ညစ်ညမ်းစွာ ဆဲဆိုကြိမ်းမောင်းပြီး ဝေယံဦး၊ သက်ပိုင်ဦးနှင့် မိခင်ဖြစ်သူ ဒေါ်စန္ဒာဝင်း (၄၈ နှစ်) (လိပ်စာတူ)တို့က ဦးကျော်ဒွေးကို ဝိုင်းဝန်းထိုးကြိတ်ကြသဖြင့် ဒဏ်ရာများရရှိခဲ့ပြီး ဒလပြည်သူ့ဆေးရုံ၌ ပြင်ပလူနာ(မစိုးရိမ်ရ)ဖြင့် ဆေးဝါးကုသမှု ခံယူခဲ့ရကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ ဝေယံဦး ၊ သက်ပိုင်ဦး နှင့် ဒေါ်စန္ဒာဝင်းတို့အား ဒလမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# နိုင်ငံတကာစံချိန်မီ ထုတ်လုပ်ခဲ့သော (Rhino Cement) ကြံ့တံဆိပ်ဘိလပ်မြေ Thank You Party ပွဲကျင်းပ




ရန်ကုန် အောက်တိုဘာ ၁၁

နိုင်ငံတကာစံချိန်စံညွှန်းမီ ထုတ်လုပ်ထားသောမူလလက်ဟောင်း ကြံ့တံဆိပ်ဘိလပ်မြေ Rhino Cement မှ သုံးစွဲသူ Customer များနှင့် အရောင်းကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်ဂုဏ်ပြုပွဲအား ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ MELIA Hotel တွင် ကျင်းပပြုလုပ်ရာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်ဆွေနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတစ်ဝှမ်းရှိ RHINO Cement အရောင်းကိုယ်စားလှယ်ကြီးများ၊ အနုပညာရှင်များနှင့် ဖိတ်ကြားထားသော အထူးဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးက ကြံ့တံဆိပ်ဘိလပ်မြေနှင့် ပတ်သက်သည့် ထူးခြားအားသာမှုများ၊ ကုန်ကြမ်းအဆင့်မှ ကုန်ချောဖြစ်သည်အထိ အရည်အသွေးမီ ထုတ်လုပ်ဖြန့်ဖြူးမှုအခြေအနေတို့အား ရှင်းလင်းပြောကြားပြီး Farmer Pho Yazar Co.,Ltd နှင့် Challenger Co.,Ltdတို့မှ တာဝန်ရှိသူတို့နှင့်အတူ ရောင်းအားအကောင်းဆုံးကိုယ်စားလှယ်ကြီးများအား ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ကြံ့တံဆိပ်ဘိလပ်မြေသည် ဂျပန်နိုင်ငံ Kawasaki Heavy Industry (KHI) ကုမ္ပဏီမှ ခေတ်မီစက်ပစ္စည်းများဖြင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်သည့် BS;12-1996 Ordinary Portland Cement အမျိုးအစားဘိလပ်မြေဖြစ်သည်။ အရည်အသွေးကောင်းမွန်စေရန် စံချိန်စံညွှန်းမီ ကုန်ကြမ်းများဖြင့် အချိုးအစား စနစ်တကျ ရောစပ်ကာ ကုန်ချောအဆင့်ထိ အဆင့်တိုင်းတွင် အရည်အသွေးစစ်ဆေးမှုများကို (၂၄)နာရီ အချိန်ပြည့် ကြပ်မတ်စစ်ဆေး ထုတ်လုပ်ထားပြီး ထုတ်လုပ်မှုပိုင်းတွင် စိုထိုင်းမှု၊ ရာသီဥတုဒဏ်ကို အပြည့်အဝခံနိုင်သော Block Bottom အိတ်ခွံများဖြင့် သေသပ်စွာ ထုတ်ပိုးဖြန့်ဖြူးရောင်းချလျက်ရှိသည်။

အဆိုပါ ကြံ့တံဆိပ်ဘိလပ်မြေကို အကောင်းဆုံးကြံ့ခိုင်မှုရှိခြင်း၊ အရည်အသွေးကောင်းမွန်ခြင်း၊ ဈေးနှုန်းသက်သာခြင်း၊ ထုတ်ပိုးမှုကောင်းမွန်ခြင်းတို့ကြောင့် လက်ရှိ လမ်း၊ တံတား၊ ဆောက်လုပ်ရေးစီမံကိန်း လုပ်ငန်းကြီးများတွင် သုံးစွဲလျက်ရှိပြီး Farmer Pho Yazar Co.,Ltd နှင့် Challenger Co.,Ltd တို့မှ နိုင်ငံတစ်ဝှမ်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်းနှင့် ဈေးကွက်တွင် ပြည်ပဘိလပ်မြေများနှင့် ယှဉ်ပြိုင်ကာ ရောင်းအား တိုးတက်လျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဝင်းမြင့်အောင်

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ လူနေရပ်ကွက် (သာခုကန်စက်မှုဇုန်)၊ မြေကွက်အမှတ် ၃၉၊ ဧရိယာ ၂ဒသမ၆၈၇ဧကရှိ စက်မှုလက်မှု လုပ်ငန်းများအတွက် မြေအသုံးပြုခွင့် (မြေချပါမစ်)ရရှိထားသော မြေကွက်နှင့် ၄င်းမြေကွက်ပေါ်ရှိ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည် ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြေစာရင်းတွင် တရားဝင်အမည်ပေါက် လက်ရောက်ပိုင်ဆိုင်သူ ဒေါ်မေမိုးမြင့်(ခ)ဒေါ်နန်းတန် ၁၂/ဒဂန(နိုင်)၀၃၁၀၈၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်သဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသောမှတ်ပုံတင်စာချုပ်စာတမ်း အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ဝင်း**
**B.A, H.G.P., R.L., D.B.L, D.I.L, D.M.L**
**M.P.A.M.A (BL), PGDIT (New Delhi), D.Jap.(UFL)**
**အထက်တန်းရှေ့နေ**
**အမှတ် ၆၇၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၇၄၂၂၉၊ ၀၉-၅၀၀၈၅၈၃**

**တင်ဒါအောင်မြင်သော ကုမ္ပဏီအမည်စာရင်းကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် ၄-၇-၂၀၁၆ရက်တွင် နိုင်ငံပိုင်သတင်းစာမှ တင်ဒါခေါ်ယူခဲ့ပါသည်။ ၁၈-၈-၂၀၁၆ရက်တွင် တင်ဒါပိတ်၍ အဆင့်ဆင့်စိစစ်ခဲ့ရာ ဆန်ခါတင်ရွေးချယ်ခဲ့သော ကုမ္ပဏီနှစ်ခုအနက် ဓာတ်အားခ ဈေးနှုန်းအနည်းဆုံးဖြင့် ၃၀၀ မဂ္ဂါဝပ်ထုတ်ပေးနိုင်မည့် Consortium of National Infrastructure Holding Co.,Ltd., MCM Pacific Pte.Ltd., APR Energy PLc & Ace Resources Group Pte.Ltd.ကုမ္ပဏီအား ရွေးချယ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

အဆိုပါတင်ဒါအောင်မြင်သော ကုမ္ပဏီအနေဖြင့် ၂၀၁၇ခုနှစ် နွေရာသီကာလလိုအပ်သော ဓာတ်အားအချိန်မီ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

**မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် (၁၆)ကြိမ်မြောက် ပဝါရဏာပွဲ ကျင်းပမည်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပဓာနနာယကဆရာတော် နိုင်ငံတော်ဇဟို သံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရဋ္ဌသာရ အမှူးထား၍ (၁၃၇၈ခုနှစ် သီတင်းကျွတ်လပြည့်နေ့) ၁၆-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)တွင် နာယကစာချ/စာသင် သံဃာတော်များ၊ ပင့်သံဃာတော်များ စုစုပေါင်းအပါး ၁၈၀ကျော်တို့သည် (၁၆)ကြိမ်မြောက် သံဃမဟာပဝါရဏာပွဲတော်ကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စေတနာရှင်များအနေဖြင့် အကျိုးဆောင် ဝေယျာဝစ္စအဖွဲ့သို့ ဆက်သွယ်လျက် ကုသိုလ်ပါဝင်နိုင်ရန် နှိုးဆော်အပ်ပါသည်။

**(အကျိုးဆောင်ဝေယျာဝစ္စအဖွဲ့၊ ဖုန်း-၀၁-၃၉၂၅၄၃၊ ၀၉-၈၆၂၄၅၅၄၊ ၀၉-၄၅၀၀၄၁၃၉၂)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1K/9853, Hyundai Porter II, P/U(4x2)Lယာဉ် လက်ဝယ်ရှိသူ KCP Trading Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အမည်မှန်**

သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုလမ်း၊ အမက(၂၃) တတိယတန်းမှ ဦးသိန်းနိုင်၏သား မောင်ဝင်းနိုင်၏အမည်မှန်မှာ မောင်ဇော်ဝင်းနိုင် ဖြစ်ပါကြောင်း။ **မောင်ဇော်ဝင်းနိုင်**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 8F/3932၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ရန်ကုန်၌ တစ်ရက်တည်း မီးနှစ်ကြိမ်လောင်၊ တစ်ဦးဒဏ်ရာရ



**ရန်ကုန်  အောက်တိုဘာ ၁၂**

တာမွေမြို့နယ် တာမွေလေးရပ်ကွက် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Sky Star Hotel အတွင်း အောက်တိုဘာ ၁၂ ရက်ညနေ ၃ နာရီခန့်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါမီးမှာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က စတင်လောင်ခဲ့ကာ ညနေ ၃ နာရီ မိနစ် ၅၀ တွင် မီးထိန်းနိုင်ခဲ့ပြီး ညနေ ၄ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုမှာ မီးတောက်မီးလောင် အားထက် အခန်းတွင်းလိုက်၍ လောင်ခဲ့ခြင်းဖြစ်သည်။

မီးလောင်ရာသို့ရောက်ရှိနေသော တာမွေမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလှသိန်းက "ညနေ ၃ နာရီကျော် လောက်ကတည်းက ဟိုတယ်မှာရှိတဲ့ နိုင်ငံခြားသားတွေ၊ ပြည်တွင်းဧည့်သည်တွေကို ဘေးလွတ်ရာကို ပို့ပေးနိုင်ခဲ့ပါတယ်။ ဝန်ထမ်းတွေလည်း အထိအခိုက် မရှိအပြင်ရောက်နေပါပြီ၊ ဟိုတယ်အခန်း ၄၀ လောက်မှာ တည်းခိုတဲ့သူတွေရှိပါတယ်"ဟု ပြောသည်။

ယင်း မီးလောင်မှုမှာ ဟိုတယ်လေးလွှာရှိ ကေဘယ်ကြိုးများမှ စတင်လောင်ခဲ့ခြင်းဖြစ်ပြီး ၁၄ ထပ်လုံး၌ရှိသည့် ကေဘယ်ကြိုးတစ်လျှောက် မီးလောင်ခဲ့သော်လည်း တည်းခိုသူအားလုံးကို ကယ်ထုတ်ပေးနိုင်ခဲ့ကာ တစ်ဦးသာ အနည်းငယ်ထိခိုက်မှုရှိကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးက ပြောသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဦးဆောင်သော မီးငြိမ်းသတ်ယာဉ် ၂၅ စီး၊ ကွပ်ကဲမှုယာဉ် ခြောက်စီး၊ အထောက်အကူပြုယာဉ် နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ရေးအတွက် ကြိုးပမ်းခဲ့ကြသည်။

မီးလောင်မှုကြောင့် ဟိုတယ်လုံခြုံရေး ဦးမျိုးသိန်း(၅၆ နှစ်) အား တာမွေမြို့နယ် မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့ညနေ ၅ နာရီခွဲခန့်က ရွှေပြည်သာမြို့နယ် အမှတ် (၂၇) ရပ်ကွက် အမှတ် (၄)လမ်းမနှင့် ဝါး တစ်ရာလမ်းထောင့်ရှိ အလက (၁) ကျောင်းဝင်း စာသင်ခုံဟောင်းများထားရှိရာ အခန်းတွင်း မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်ရခြင်းအကြောင်းမှာ ဆွေးမြည့်နေသည့် စာရွက်စာတမ်းများ သိမ်းဆည်းထားရာမှ အပူအောင်း၍ မီးလောင်ရခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကို မီးငြိမ်းသတ်ယာဉ် ၁၄ စီးဖြင့် ငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## မဲဇာချောင်းအတွင်း ပျောက်ဆုံးသွားသော ဒုရဲအုပ်အလောင်းနှင့် သေနတ်နှစ်လက်ပြန်လည်တွေ့ရှိ

**ကသာ  အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်၌ အောက်တိုဘာ ၁၀ ရက် ည ၉ နာရီခွဲခန့်က အင်းတော်မြို့နယ် မဲဇာတံတားရဲကင်းမှ ဒုရဲအုပ်ဝဏ္ဏဆွေ ဦးစီးသည့် တပ်ဖွဲ့ဝင်သုံးဦး တရားမဝင်သစ်ဖောင်ကို လိုက်လံဖမ်းဆီးစဉ် စက်လှေနစ်မြုပ်ကာ ဒုရဲအုပ်ဝဏ္ဏဆွေနှင့် ၁၂ ဗိုပြောင်းချောသေနတ်နှစ်လက် ပျောက်ဆုံးသည့်ကိစ္စနှင့်ပတ်သက်၍ ကသာခရိုင် ခေတ္တရဲတပ်ဖွဲ့မှူး ရဲမှူးစိန်ရွှင်နှင့် တပ်ဖွဲ့ဝင်များက မဲဇာချောင်းအတွင်းလိုက်လံရှာဖွေခဲ့ကြောင်း သိရသည်။

ခေတ္တရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ မဲဇာချောင်းအတွင်း ဆက်လက်ရှာဖွေခဲ့ရာ ၁၂ ဗို့ပြောင်းချောသေနတ် နှစ်လက်ကိုပြန်လည်ဆယ်ယူရရှိခဲ့ပြီး ပျောက်ဆုံးနေသော ဒုရဲအုပ်ဝဏ္ဏဆွေအား ရှာဖွေတွေ့ရှိနိုင်ရေးဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၂ ရက်က ထီးချိုင့်မြို့နယ် ဇီးထောင်ရွာအနီး မဲဇာချောင်းအတွင်းမှ ပြန်လည်တွေ့ရှိခဲ့ရကြောင်း သိရသည်။ **လူအောင်(ကသာ)**

## အကျိုးဆောင်လိုင်စင်မရှိဘဲ အခကြေးငွေယူကာ တရုတ်နိုင်ငံသို့ စည်းရုံးပို့ဆောင်သူနှစ်ဦးအားအမှုဖွင့်

**မကွေး  အောက်တိုဘာ ၁၂**

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်နေ အမျိုးသားတစ်ဦးက ၎င်း၏သားအား အကျိုးဆောင်လိုင်စင်မရှိဘဲ အခကြေးငွေယူကာ တရုတ်နိုင်ငံသို့ စည်းရုံးပို့ဆောင်ခဲ့သူနှစ်ဦးအား အောက်တိုဘာ ၁၁ ရက်က အမှုဖွင့်ခဲ့ကြောင်း ကိုးပင်နယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဦးညွန့်သန်း(၄၄နှစ်) ဝန်ကုန်းကျေးရွာ ဆင်ပေါင်ဝဲမြို့နယ် နေသူသည် ၂၀၁၆ ခုနှစ် ဇွန် ၅ ရက် ညနေ ၅ နာရီက နေအိမ်၌ ဇနီးဖြစ်သူ မဌေးဝင်းနှင့်အတူရှိနေစဉ် တစ်ရွာတည်းနေ ကိုစိုး(၃၅နှစ်)နှင့် မအေမာကြည်(၃၂နှစ်) တို့နှစ်ဦး ရောက်ရှိလာပြီး တရုတ်နိုင်ငံ၌ ငါးလုပ်ငန်းလုပ်ကိုင်ရမည်၊ တစ်လလျှင် နေ့အလုပ်လုပ်ခ ငွေကျပ် ခြောက်သိန်းနှင့် ညအလုပ်လုပ်ခ ငွေကျပ် ခုနစ်သိန်းပေးမည်၊ လိုက်ပါလိုပါက အလုပ်လုပ်မည့်သူတစ်ဦးလျှင် ငွေကျပ်သုံးသိန်း ခွဲပေးရမည်ဟု စည်းရုံးပြောဆိုခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ၎င်း၏သားဖြစ်သူ ဇော်မင်းထွန်း (၁၈နှစ်)အား ငွေကျပ် သုံးသိန်းခွဲနှင့်အတူ တရုတ်နိုင်ငံသို့ ခေါ်ဆောင်သွားခဲ့ရာ သားဖြစ်သူ ဇော်မင်းထွန်းမှာ ရှစ်ရက်ခန့်ကြာသော အခါ ပီရွန်ကုမ္ပဏီ၌ ငါးလုပ်ငန်းလုပ်ရမည်ဖြစ်ကြောင်း ဖုန်းဖြင့်ဆက်သွယ် အကြောင်းကြားခဲ့ပြီး ဇွန်လကုန်ပြီးနောက် သားဖြစ်သူက လစာငွေမှာ ငွေကျပ် သုံးသိန်းနှစ်သောင်းသာ ထုတ်ပေးသဖြင့် လစာငွေနည်း၍ ဇူလိုင် ၁၄ ရက်တွင် ကျေးရွာသို့ ပြန်လာမည်ဖြစ်ကြောင်း ဖုန်းဆက်အကြောင်းကြားခဲ့သော်လည်း သားဖြစ်သူမှာ ယခုအချိန်ထိ ပြန်လည်ရောက်ရှိလာခဲ့ခြင်းမရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အကျိုးဆောင်လိုင်စင်မရှိဘဲ အခကြေးငွေယူကာ တရုတ်နိုင်ငံသို့ စည်းရုံးပို့ဆောင်သူ ကိုစိုးနှင့် မအေမာကြည်တို့ နှစ်ဦးကို ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကျော်ဇေယျ**

## ခိုက်ရန်ဖြစ်ပွားရာမှ လူတစ်ဦးသေဆုံး

**ရန်ကုန်  အောက်တိုဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ် (၆၈) ရပ်ကွက်တွင် ခိုက်ရန်ဖြစ်ပွားရာမှ လူတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၁ ရက်ည ၉ နာရီခန့်က ခိုက်ရန်ဖြစ်ပွားရာမှ သေဆုံးကြောင်း သတင်းအရ ရပ်ကွက်ရာအိမ်မှူး ဦးလှဝင်းနှင့် မြို့နယ်မြို့မရဲတပ်ဖွဲ့စခန်းမှ (စခန်းမှူး) ဒုတိယရဲမှူးမြင့်အေးနှင့် အဖွဲ့ဝင်များသည် အခင်းဖြစ်နေရာ (၆၈) ရပ်ကွက် အောင်သုခ(၄) လမ်း၌ သွားရောက်ကြည့်ရှုစစ်ဆေးရာ သေဆုံးသူ မင်းမင်း (၄၀နှစ်) ၏ဇနီး ဒေါ်မော် (၅၂ နှစ်)၏ ပြောပြချက်အရ ၎င်းတို့ဇနီးမောင်နှံသည် နေအိမ်တွင် စကားများရန်ဖြစ်နေစဉ် ဒေါ်မော်၏သား အောင်ကိုဝင်း (၂၂ နှစ်) ရောက်ရှိလာပြီး ပထွေးဖြစ်သူ မင်းမင်းကို လာရောက်ထိုးကြိတ်ကာ ထွက်သွားခဲ့သည်။ ယင်းနောက် အောင်ကိုဝင်းသည် နေအိမ်ရှေ့ခန်းမှ အရှည် နှစ်ပေခန့်ရှိသစ်သားတုတ်ဖြင့် နေအိမ်အိပ်ခန်းတွင် အရက်သောက်နေသော မင်းမင်း၏ ဦးခေါင်းကို ရိုက်ခဲ့ရာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကိုဝင်းအား ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျင်မောင်**

## ဇမ္ဗူသီရိမြို့နယ် ဝန်ထမ်းအိမ်ရာများအတွင်း ခိုးဝှက်လုယက်မှုများ ဖြစ်ပွားလျက်ရှိ

**နေပြည်တော်  အောက်တိုဘာ ၁၂**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဧကတစ်ထောင် ဝန်ထမ်းများအိမ်ရာ၌ ဒုစရိုက်မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိနေကြောင်း သိရသည်။

ယမန်နေ့ည ၉ နာရီခန့်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီး ဌာန(ကညန) ဝန်ထမ်းများ နေထိုင်ရာတိုက်ရှေ့၌ လမ်းလျှောက်နေသူ အမျိုးသမီးတစ်ဦးထံမှ လက်ကိုင်ဖုန်းတစ်လုံး လုယက်ခံရသည်။

ထို့အပြင် တိုက်အမှတ် (၁၃၅၈) နှင့် တိုက်အမှတ် (၁၃၁၀ )တို့ရှိ ဝန်ထမ်းနေအိမ်တိုက်ခန်းများ၌ နေ့လယ်ခင်း ဝန်ထမ်းများ ရုံးသွားချိန်တွင် ဖောက်ထွင်းခိုးယူခံရကြောင်း သိရသည်။

ထိုကဲ့သို့ လုယက်ခြင်း၊ ဖောက်ထွင်းခံရခြင်း၊ ဆိုင်ကယ်များ အခိုးခံရခြင်းကိစ္စရပ်များ မကြာခဏဖြစ်ပွားနေရခြင်းမှာ လုံခြုံရေးအားနည်းမှုရှိလာခြင်း၊ ဝန်ထမ်းများ နေထိုင်ရာ တိုက်တန်းများအနီး၌ ပြင်ပကျူးကျော်တဲများ တစ်စတစ်စ တိုးချဲ့ရောက်ရှိလာခြင်းနှင့် လူစိမ်းအဝင်အထွက်များလာခြင်းတို့ကြောင့် ဖြစ်သည်။

သို့ဖြစ်၍ ဝန်ထမ်းများ အလုပ်သွားနေချိန်တွင် သက်ဆိုင်ရာက လုံခြုံရေးဆောင်ရွက်သင့်သကဲ့သို့ ဝန်ထမ်းများကိုယ်တိုင်လည်း လုံခြုံရေးအတွက်သတိထားကြရန် လိုအပ်လျက်ရှိသည်။

**ကိုပေါက်(နေပြည်တော်)**

## ပုလဲမြို့နယ်၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**ပုလဲ  အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်ရှိ နွယ်အင်းရွာနှင့် ချောင်းဦးရွာသွားလမ်း ဘေးတောအတွင်း အောက်တိုဘာ ၁၁ ရက်က တရားမဝင် ပိတောက်သစ် ခါးရွေတုံး ၄၅တုံးကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး မှုခင်းအကူ ဌာနမှ သိရသည်။

မုံရွာမြို့ တိုင်းမှုခင်းအကူဌာနမှ ရဲအုပ်ကြည်စိုးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ပုလဲ သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးစိုးနိုင်နှင့် အဖွဲ့ဝင်များသည် တောအတွင်း တရားမဝင်သစ်များစုပုံထားကြောင်းသတင်းအရ ရှာဖွေစစ်ဆေးခဲ့ရာ တရားမဝင် ပိတောက်သစ်ခါးရွေတုံး ၄၅ တုံးကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိသည့်အတွက် တရားမဝင်ပိတောက်သစ်များ သယ်ဆောင်စုပုံထားသူကို ပုလဲမြို့မရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

## ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ခခ/၁၈၅၅ Toyota Caldina ET/96 S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစောဝင်းသန်း ၉/စမန(နိုင်)၁၂၁၄၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မူဆယ်)၊ မူဆယ်မြို့

### ဖခင်အမည်မှန်

မိုင်းကောင်၊ အထက၊ နဝမတန်းမှ မနှာခါး၏ ဖခင်အမည်မှန်မှာ ဦးကျာစိုးဘို ၁၃/တယန(နိုင်)၀၆၅၁၃၀ ဖြစ်ပါကြောင်း။

### အလိုရှိသည်

ကားမောင်းပြီး ဈေးရောင်းမယ်

ဖုန်း-၀၉-၄၂၀၀၆၄၆၀၂

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ယ/၉၅၆၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

### ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၊ မြေကွက်အမှတ်-၃၁၊ မြေကွက်တည်နေရာအမှတ်-၁၇၊ ၅၈လမ်း၊ (၇)ရပ်ကွက် (ဒေါ်သန်းမြင့်)အမည်ပေါက် မြေပိုင် မြေ (အိမ်ယာမြေသတ်မှတ်) မြေအားအမည်ပေါက်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၉၅/၇-၁-၁၆)ဖြင့် လွှဲအပ်ခြင်းခံရသူဦးအောင်မြတ်လွင်၁၂/ကတတ(ဧည့်)၀၀၀၉၂၈က ဒေါ်သန်းမြင့်အမည်ပေါက်ခဲ့သည့်ပိုင်ဆိုင်ကြောင်း စာချုပ် ၁၄၂၂/၁၇-၅-၀၄ မိတ္တူမှန်တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ စ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေ အမိန့်၅၊ နည်းဥပဒေ ၁နှင့်၅)**

**မန္တလေးခရိုင်တရားမရုံး၌**

**၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ်(၃၃၇)**

ဒေါ်နှင်းဆီကိုကို **တရားလို** နှင့် ဦးစန်းထွန်း **တရားပြိုင်**

ဦးစန်းထွန်း(ဘ)ဦးဝင်းအောင်[SGG-061575]၊ အကွက်အမှတ်(၄၉)၊ နန်းရှေ့၊ ၅၈×၅၉လမ်းနှင့်၁၉×၂၀လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့နေသူ (ယခုနေရပ်လိပ်စာမသိ) အား သိစေရမည်။

တရားလိုဒေါ်နှင်းဆီကိုကိုက သင့်အပေါ်တွင် ပုသိမ်ကြီးမြို့၊ ရန်ကင်းသာယာရပ်ကွက်၊ ကွင်းအမှတ်(၄၉၇)၊ ဦးပိုင်အမှတ်(က-၂၉၃)၏ အရှေ့ဘက်ခြမ်းပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၁၄ရက် (၁၃၇၈ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ရက်) (ကြာသပတေးနေ့)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာ တမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။သင်ကသင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၆ခုနှစ်၊ အောက်တိုဘာ ၁၁ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မြင့်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၅)
မန္တလေးခရိုင်တရားရုံး



# ဇီဝလောင်စာနှင့် အနာဂတ်ကမ္ဘာ

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ဤမြေကမ္ဘာကြီးပေါ်၌ ရှင်သန်လျက်ရှိနေကြသော လူတို့ အပါအဝင် သက်ရှိများနှင့် အပင်များစသည်တို့၏ ရုပ်ခန္ဓာကို ဇီဝဒြပ်ထု(Biomass)ဟုခေါ်သည်။ လူနှင့်တိရစ္ဆာန်တို့က စွန့်ထုတ်လိုက်သော အညစ်အကြေးများနှင့် အပင်တို့၏ အကိုင်းအခက်၊ အသီးအပွင့်တို့မှ စွမ်းအင်ထုတ်ယူနိုင်သောကြောင့် ထိုသို့သော ဇီဝဒြပ်ဝတ္ထုတို့မှ ထွက်ရှိလာသည့်လောင်စာကို ဇီဝလောင်စာ(Biofuel)ဟု ခေါ်ဆိုသည်။ သာဓကအားဖြင့် ထင်း၊ ကောက်ရိုး၊ သစ်ပင်၊ နွားချေးစသည့် အော်ဂဲနစ်ပစ္စည်းများသည် ဇီဝလောင်စာထုတ်ယူနိုင်သော ဇီဝဒြပ်ထုများပင်ဖြစ်ကြသည်။

ဇီဝလောင်စာမှန်သမျှတို့၏ မူလဘူတအရင်းအမြစ်မှာ နေရောင်ခြည်စွမ်းအင်ပင်ဖြစ်သည်။ အပင်များသည် မြေကြီးထဲမှစုပ်ယူထားသော အာဟာရများကို နေရောင်ဖြင့် အလင်းဖွဲ့အစာချက်ကာ စွမ်းအင်အဖြစ်သို့ပြောင်းလဲပြီး ရှင်သန်ရေးအတွက်အသုံးချသည်။ ချက်ချင်းအသုံးပြုရန်မလိုသေးသော ပိုလျှံစွမ်းအင်များကို အပင်ထဲ၌ပင် သိုလှောင်ထားသည်။ ဤသို့အားဖြင့် အပင်နှင့်အသီးအရွက်တို့ကို စားသုံးသော လူနှင့်တိရစ္ဆာန်၏ ခန္ဓာကိုယ်အတွင်းသို့ အပင်ထဲ၌ သိုမှီးထားသော စွမ်းအင်များက ကူးပြောင်းရောက်ရှိသွားသည်။

အပင်များနှင့် သက်ရှိသတ္တဝါတို့၏ အညစ်အကြေးများ တစ်နည်းအားဖြင့် ဇီဝဒြပ်ထုများကို လောင်မြိုက်စေပါကသို့တည်းမဟုတ် ဓာတ်ပြောင်းစေပါက စွမ်းအင်များထွက်ပေါ်လာသည်။ ထိုစွမ်းအင်ဖြင့် နေအိမ်အဆောက်အအုံနှင့် လူတို့ကို အနွေးဓာတ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ချက်ပြုတ်ခြင်း၊ လျှပ်စစ်ဓာတ်ထုတ်ယူခြင်း စသည်တို့အတွက် အသုံးချလုပ်ဆောင်နိုင်သည်။ ထို့ပြင် ဇီဝဒြပ်ထုများမှ မီသိန်းကဲ့သို့သော လောင်စာဓာတ်ငွေ့များနှင့် အီသနောကဲ့သို့သော လောင်စာအရည်များကိုလည်း ထုတ်ယူနိုင်သည်။

ကမ္ဘာ့လူသားတို့ ပထမဦးဆုံးအသုံးပြုခဲ့ကြသော လောင်စာမှာ ထင်းဖြစ်ပြီး ယနေ့ထိတိုင်လည်း ထင်းကို သုံးစွဲနေကြဆဲပင်ဖြစ်သည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့လူဦးရေသန်း ၂၀၀၀ ခန့်သည် လောင်စာအဖြစ် ထင်းနှင့်မီးသွေးတို့ကို သုံးစွဲလျက်ရှိနေကြသေးသည်။ ကမ္ဘာ့စွမ်းအင်သုံးစွဲမှု စုစုပေါင်း၏ ၉ ရာခိုင်နှုန်းမှာ ထင်းကို လောင်စာအဖြစ်အသုံးပြုသော စွမ်းအင်များဖြစ်ကြသည်။ ထင်းကို လောင်စာအဖြစ်အသုံးပြုခြင်းကြောင့် သစ်တောပြုန်းတီးခြင်းနှင့် လေထုထဲသို့ ကာဗွန်ဓာတ်ငွေ့များ

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖန်လုံအိမ်အာနိသင် ပိုမိုတိုးမြင့်မလာစေရေးကို အထူးအလေးထားသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၌ ဇီဝလောင်စာကို သမားရိုးကျ ဓာတ်ဆီ၊ ဒီဇယ်များနှင့် ရောနှောသုံးစွဲလျက်ရှိနေကြသည်။ အချို့သောနိုင်ငံများ၌ဆိုလျှင် ဓာတ်ဆီဆိုင်များတွင် ဓာတ်ဆီဖြည့်တင်းသည့်အခါ အီသနော ၂၅ ရာခိုင်နှုန်းကို မဖြစ်မနေ ထည့်သွင်းရောနှောသုံးစွဲရန် ကန့်သတ်ပေးထားလျက်ရှိသည်**

စုပ်ပြုံရောက်ရှိစေခြင်းစသည်တို့ ဖြစ်ပေါ်မှုကြောင့် ထင်းအစားထိုး အခြားလောင်စာများသုံးစွဲရေးကို ဦးတည်ဆောင်ရွက်နေကြသည့်တိုင် ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနောက်ကျသော နိုင်ငံများ၌ ထင်းကိုပင် စွဲစွဲမြဲမြဲ သုံးစွဲနေကြဆဲဖြစ်သည်။ ထင်းနှင့်မီးသွေး သုံးစွဲသူများ၏ ၉၀ ရာခိုင်နှုန်းမှာ ကျေးလက်နေသူများဖြစ်ကြပြီး ကျန် ၁၀ ရာခိုင်နှုန်းကသာ မြို့ပြနေသူများဖြစ်ကြသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်ဒေသများ၌ ထင်းနှင့်မီးသွေးတို့၏နေရာတွင် အစားထိုးလောင်စာများကို အသုံးပြုလျက်ရှိနေကြသည်။ ဆွေးမြည့်နေသော သစ်ပင်သစ်ကိုင်းများ၊ လူနှင့်တိရစ္ဆာန်တို့၏ အညစ်အကြေးများကို ကွန်ကရစ်ကန်တစ်ခုအတွင်း စုပုံသိုလှောင်ဆွေးမြည့်စေခြင်းဖြင့်ထွက်ရှိလာသော ဇီဝလောင်စာဓာတ်ငွေ့ မီသိန်းကို စားသောက်ဖွယ်ရာများချက်ပြုတ်ခြင်း၊ အနွေးဓာတ်ပေးခြင်း၊ လျှပ်စစ်ဓာတ်ထုတ်ယူခြင်းများအတွက် အသုံးပြုနေကြခြင်းဖြစ်သည်။ ဆွေးမြည့်နေသော သစ်ပင်သစ်ကိုင်းများနှင့် မစင်အညစ်အကြေးများကို ဘက်တီးရီးယားများက အောက်စီဂျင်ကင်းမဲ့နေသည့်အခြေအနေတွင် ဓာတ်ပြုချေဖျက်ရာမှ ဇီဝဓာတ်ငွေ့များ ထွက်ရှိလာသည်။ ထွက်ရှိလာသော ဇီဝလောင်စာဓာတ်ငွေ့ထဲတွင် မီသိန်း ၅၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ ပါဝင်ပြီး ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့တချို့က အနည်းစုအဖြစ် ပါဝင်နေကြသည်။

ဒြပ်ထုအသွင် ဇီဝလောင်စာဖြစ်သောထင်းကို ရှေးပဝေသဏီကာလကတည်းက သုံးစွဲခဲ့ကြသော်လည်း အငွေ့အသွင် ဇီဝလောင်စာဖြစ်သည့် မီသိန်းဓာတ်ငွေ့ကိုမူ ၁၈၀၀ ပြည့်လွန်နှစ်များမှစတင်ကာ သုံးစွဲခဲ့ကြသည်။ တီထွင်သူပညာရှင် ရူးဒေါ့ဖ်ဒီဇယ်ဆိုသူက မြေပဲဆီမှတစ်ဆင့်ထုတ်ယူရရှိသော ဇီဝလောင်စာအရည်ဖြင့် ဒီဇယ်အင်ဂျင်ကို စမ်းသပ်မောင်းနှင်ပြသခဲ့သည်။ အလားတူပင် အရည်အသွင် ဇီဝလောင်စာဖြစ်သည့် အီသနောကို ၁၉၀၀ ပြည့်လွန်နှစ်များကတည်းက စတင်သုံးစွဲခဲ့သည်။ တီထွင်သူပညာရှင် ဟင်နရီဖို့ဒ်က ၁၉၀၈ ခုနှစ်က ထုတ်လုပ်သော မော်ဒယ်တီ(Model-T)ကားကိုအီသနောလောင်စာရည်ဖြင့် လက်တွေ့ကျကျ မောင်းနှင်ပြသခဲ့သည်။



ဘရာဇီးနိုင်ငံသည် ကြံကိုအခြေပြုကာ ဇီဝလောင်စာကို ၁၉၈၀ ခုနှစ်မှစ၍ စီးပွားဖြစ်ထုတ်ယူသုံးစွဲခဲ့သည်

နောက်ပိုင်းကာလများ၌မူ စျေးသက်သာပြီး လွယ်လင့်တကူ တူးဖော်ချက်လုပ်နိုင်သော ရေနံထွက်လောင်စာရည်များကိုသာ အထူးအလေးပေးသုံးစွဲလာခဲ့ကြသည့်အတွက် ဇီဝလောင်စာအငွေ့နှင့် အရည်တို့ကို သုံးစွဲမှုမှာ မတွင်ကျယ်ဘဲ မှေးမှိန်ခဲ့ရသည်။ ၂၀ ရာစု နှောင်းပိုင်းကာလအရောက်တွင်မူ ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများ ရှားပါးလာခြင်း၊ စျေးနှုန်းမြင့်မားလာခြင်းနှင့် ရေနံကိုဦးတည်သည့် ပဋိပက္ခများ ကြီးထွားလာခြင်းစသည်တို့ကြောင့် ဇီဝလောင်စာများဘက်သို့ တစ်ကျော့ပြန် ဦးလှည့်လာကြပြန်သည်။

၁၉၇၃ ခုနှစ် ရေနံသပိတ်ကိုအကြောင်းပြုပြီး ကမ္ဘာ့စွမ်းအင်အကျပ်အတည်းကို ကူညီဖြေလျှော့ပေးရန်ရည်ရွယ်ချက်ဖြင့် ဘရာဇီးနိုင်ငံက ရုပ်ကြွင်းလောင်စာအပေါ် မှီခိုအားထားနေရမှုကိုလျှော့ချရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ ကြံမှ အီသနောကို စီးပွားဖြစ် ထုတ်လုပ်ရယူသုံးစွဲနိုင်ရေးအတွက် ၁၉၇၅ ခုနှစ်မှစ၍ တစိုက်မတ်မတ်ဆောင်ရွက်ခဲ့သော ဘရာဇီးနိုင်ငံကို ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Programme-UNEP)က အပြည့်အဝ ထောက်ခံအားပေးခဲ့သည်။

ဇီဝလောင်စာရည်ကုန်ကြမ်းအဖြစ် ကြံကိုအခြေပြုကာ အီသနောထုတ်လုပ်သုံးစွဲခြင်းသည် အခြားသောလောင်စာများ သုံးစွဲခြင်းထက် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှု သိသာစွာလျော့နည်းသည့်အတွက် UNEP က အားတက်သရော ထောက်ခံခဲ့ခြင်းဖြစ်သည်။ ဤသို့အားဖြင့် ၁၉၈၀ ပြည့်နှစ်အရောက်တွင် ဘရာဇီးနိုင်ငံသည် ဇီဝလောင်စာရည်ကို စီးပွားဖြစ်ထုတ်လုပ်သုံးစွဲသည့် ကမ္ဘာ့ပထမဦးဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ ထို့ပြင် ပြည်တွင်းရေနံထုတ်လုပ်မှုကလည်း တစ်နှစ်ထက်တစ်နှစ် တိုးလာခဲ့သည့်အတွက် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်အရောက်တွင် ဘရာဇီးသည် လောင်စာနှင့်ပတ်သက်၍ ပြည်ပအမှီအခိုကင်းသောနိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

တစ်နေ့တခြားတိုးပွားလာနေသော ကမ္ဘာ့လူဦးရေကြောင့် အခြားသောလောင်စာလိုအပ်ချက်များနည်းတူ ဇီဝလောင်စာလိုအပ်ချက်ကလည်း တိုးလာနေလျက်ရှိရာ ၂၀၁၀ ပြည့်နှစ်လွန် ကာလများမှစ၍ ၂၀၃၀ ပြည့်နှစ် မတိုင်မီအထိ ကမ္ဘာ့ဇီဝလောင်စာလိုအပ်ချက်မှာ နှစ်စဉ် ၈ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာမည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်။ လက်ရှိတွင် ကမ္ဘာ့ဇီဝလောင်စာထုတ်လုပ်မှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းကို အမေရိကန်ပြည်ထောင်စုနှင့် ဘရာဇီးနိုင်ငံတို့က ထုတ်လုပ်ပေးလျက်ရှိနေကြသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့်လည်း ၂၀၁၂ ခုနှစ်က တစ်နိုင်ငံလုံးစွမ်းအင်သုံးစွဲမှု၏ ငါးရာခိုင်နှုန်းကို ဇီဝလောင်စာမှ ရရှိခဲ့သည်။ ထိုငါးရာခိုင်နှုန်းသောပမာဏ၏ ထက်ဝက်နီးပါးကို ထင်းမှရရှိပြီး ကျန်ထက်ဝက်ကျော်ကျော်ကို ဇီဝလောင်စာရည်ဖြစ်သော အီသနောမှ ၈၀ ရာခိုင်နှုန်းနှင့် စွန့်ပစ်အမှိုက်များမှ ၂၀ ရာခိုင်နှုန်းရရှိခဲ့သည်။

မျက်မှောက်ကာလတွင် ဇီဝလောင်စာ အငွေ့နှင့်အရည်တို့ကိုထုတ်ယူနိုင်သည့် အဓိကကုန်ကြမ်းများထဲတွင် ကြံနှင့်ပြောင်းတို့က ထိပ်တန်း၌ရှိနေသည်။ ကြံစိုက်ခင်းတစ်ဧကမှ ဇီဝဓာတ်ငွေ့ပမာဏ ဘီတီယူ (British Thermal Unit-BTU) ၁၀၈သန်း ထုတ်ယူနိုင်သလို အီသနောပမာဏ ဘီတီယူ ၅၄ သန်း ထုတ်ယူရရှိနိုင်သည်။ ကမ္ဘာပေါ်၌ အီသနောထုတ်လုပ်မှုအများဆုံးနိုင်ငံမှာ အမေရိကန်ပြည်ထောင်စုဖြစ်ပြီး ဘရာဇီးနိုင်ငံက ဒုတိယနေရာ၌ရှိနေသည်။

ဘရာဇီးနိုင်ငံသည် အမေရိကန်ပြည်ထောင်စုလောက် ကျယ်ဝန်းခြင်းမရှိသော်လည်း စိုက်ပျိုးမြေကေပေါင်း သန်းနှင့်ချီ၍ရှိနေခြင်း၊ စိုက်ပျိုးရေးသိပ္ပံပညာ ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကြံစိုက်ခင်းများ အထူးအောင်မြင်ဖွံ့ဖြိုးခြင်းစသည့် အခြေခံအကြောင်းရင်းများကြောင့် တစ်ကမ္ဘာလုံးသုံးစွဲနေကြသော အီသနောလောင်စာရည် စုစုပေါင်း၏ ၃၇ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးလျက်ရှိနေသည်။

အီသနောထုတ်လုပ်ရာတွင် ကြံပင်က အခြားသော ဇီဝလောင်စာအရင်းအမြစ် ကုန်ကြမ်းများထက် အားသာသော အချက်ရှိနေသည်။ ပြောင်းပင်မှ ဇီဝလောင်စာထုတ်ယူလိုလျှင် ပြောင်းတွင်ပါဝင်သော ကစီဓာတ်ကို သကြားဓာတ်သို့ ပြောင်းလဲပေးရသည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ် များပြားပြီး ထုတ်လုပ်မှုနည်းစဉ်ကလည်း ပို၍အဆင့်များသည်။ ကြံ၌မူ သကြားဓာတ်က အလိုအလျောက် ၂၀ ရာခိုင်နှုန်းပါဝင်နေပြီးဖြစ်သည့်အတွက် ထုတ်လုပ်မှုနည်းစဉ် အဆင့်နည်းပြီး ကုန်ကျစရိတ်မှာ အထူးပင်သက်သာသည်။

ကစီဓာတ်နှင့် သကြားဓာတ်ပါသောအပင်များဖြစ်ကြသည့် ကြံ၊ ဘာလီ၊ ဆန်၊ ပြောင်း၊ အာလူး စသည်တို့ကို အချဉ်ဖောက် အပူပေးပြီး ယင်းတို့၌ပါဝင်သော ကစီဓာတ်၊ သကြားဓာတ်နှင့် အခြားမော်လီကျူးများကို ပြိုကွဲပြောင်းလဲစေခြင်းဖြင့် အီသနောကိုသော်လည်းကောင်း၊ အီသိုင်းအယ်လ်ကိုဟောကိုသော်လည်းကောင်း ထုတ်လုပ်ရယူနိုင်သည်။ အီသနောကို ဓာတ်ဆီနှင့်ရော၍ဖြစ်စေ၊ အီသနောချည်းသက်သက်ဖြစ်စေ လောင်စာအဖြစ် သုံးစွဲနိုင်သည်။ ခေတ်သစ်နည်းပညာများအရ စွန့်ပစ်အမှိုက်၊ မြက်ပင်နှင့် သစ်ကိုင်းသစ်ခက်များမှလည်း အီသနောကို ထုတ်လုပ်နိုင်နေပြီဖြစ်သည်။

ဟင်းသီးဟင်းရွက်ဆီ၊ တိရစ္ဆာန်အဆီ၊ ချောဆီစသည်တို့ကို ပြုပြင်ချက်လုပ်ခြင်းအားဖြင့်လည်း လောင်စာအရည်များကို ထုတ်ယူနိုင်ပြီး ထိုကဲ့သို့ထုတ်ယူထားသော လောင်စာအရည်ကို ဇီဝဒီဇယ်(Biodiesel)ဟု ခေါ်ဆိုသည်။ ဇီဝဒီဇယ်သည်လည်း အီသနောကဲ့သို့ပင် လေထုညစ်ညမ်းမှုကို လျော့နည်းသက်သာစေသည်။ လောင်ကျွမ်းပေါက်ကွဲသည့်အခါ သမားရိုးကျဒီဇယ်ဆီများထက် ဆာလ်ဖာဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနော့ဆိုက်နှင့် အမှုန်အမွှားထွက်ရှိမှုများ သိသာစွာလျော့နည်းသည့် ဇီဝဒီဇယ်များသည် နိုက်ထရိုဂျင်အောက်ဆိုက်ဓာတ်ငွေ့ကိုမူ ပိုမိုထွက်ရှိစေသည်။

လက်ရှိအချိန်တွင် ပြောင်းစေ့၊ နံ့စားပြောင်း၊ ကြံပင်နှင့် တင်လဲရည်တို့မှ အီသနောပမာဏ အမြောက်အမြားကို ထုတ်လုပ်လျက် ရှိနေကြသလို ပဲပုပ်စေ့၊ ဟင်းသီးဟင်းရွက်ဆီ၊ အကြော်ဆီဟောင်းများနှင့် အမဲသားအဆီခဲများမှ ဇီဝဒီဇယ်ကို အောင်မြင်စွာ ထုတ်လုပ်နေကြပြီဖြစ်သည်။ ပဲပုပ်စေ့တစ်တင်းမှ ဇီဝဒီဇယ် ၅ ဒသမ ၃ လီတာ ထုတ်ယူရရှိနိုင်သလို ပြောင်းစေ့တစ်တင်းမှလည်း အီသနောလောင်စာရည် ၁၀ ဒသမ ၆ လီတာ ထုတ်ယူရရှိနိုင်သည်။

ဇီဝလောင်စာများသည် ရုပ်ကြွင်းလောင်စာများထက် စျေးနှုန်းကြီးမြင့်သော်လည်း လေထုညစ်ညမ်းမှုဖြစ်စေသော ဓာတ်ငွေ့များ ထွက်ရှိနှုန်းနည်းပါးသည့်အတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဖန်လုံအိမ်အာနိသင် ပိုမိုတိုးမြင့်မလာစေရေးကို အထူးအလေးထားသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံများ၌ သမားရိုးကျ ဓာတ်ဆီ၊ ဒီဇယ်များနှင့် ရောနှောသုံးစွဲလျက်ရှိနေကြသည်။ အချို့သောနိုင်ငံများ၌ဆိုလျှင် ဓာတ်ဆီဆိုင်များတွင် ဓာတ်ဆီဖြည့်တင်းသည့်အခါ အီသနော ၂၅ ရာခိုင်နှုန်းကို မဖြစ်မနေထည့်သွင်းရောနှောသုံးစွဲရန် ကန့်သတ်ပေးထားလျက်ရှိရာ မော်တော်ကားထုတ်လုပ်သော ကုမ္ပဏီကြီးများကလည်း အီသနော ၂၅ ရာခိုင်နှုန်းရောနှောထားသည့် ဓာတ်ဆီဖြင့် စွမ်းရည်ပြည့် မောင်းနှင်အသုံးပြုနိုင်သော Gasoline Engine များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိနေကြသည်။

ကမ္ဘာ့ ပင်လယ်နှင့်သမုဒ္ဒရာများပေါ်မှ ပျံသန်းပြေးဆွဲလျက်ရှိနေကြသော ခရီးသည်ပို့ဆောင်ရေး လေယာဉ်ကြီးများသည်ပင်လျှင် ဂျက်လေယာဉ်ဆီနှင့် ဇီဝလောင်စာရည်တို့ ရောနှောထားသည့် လောင်စာများဖြင့် မောင်းနှင်လျက်ရှိနေကြပြီဖြစ်သည်။ ယခင်က ကျောက်မီးသွေးကိုသာအသုံးပြုခဲ့သည့် ဓာတ်အားပေးစက်ရုံငယ်ကလေးများ၌ ဇီဝလောင်စာနှင့် တွဲစပ်အသုံးပြုလာကြခြင်း၊ အအေးဓာတ်လွန်ကဲသောဒေသများ၌ နေအိမ်များကို အပူပေးရန်နှင့် စားသောက်ဖွယ်ရာများ ချက်ပြုတ်ရန် ဇီဝလောင်စာများကို အသုံးပြုလာကြခြင်း၊ လယ်ယာသုံးစက်ကိရိယာများ၌ ရာနှုန်းပြည့် ဇီဝဒီဇယ်ကို အသုံးပြုလာကြခြင်း စသည်တို့သည် အနာဂတ်ကမ္ဘာ၌ ဇီဝလောင်စာများ၏အခန်းကဏ္ဍက မည်မျှအထိ အရေးပါလာနိုင်သည်ကို မှန်းဆနိုင်မည့်အချက်များပင်ဖြစ်ကြသည်။

လက်ရှိအသုံးပြုနေကြသော အီသနောနှင့် ဇီဝဒီဇယ်တို့အပြင် အနာဂတ်ကာလ၌ ဆယ်လူလို့စ်အီသနောနှင့် ဓာတ်အားပေးစက်ရုံသုံး ဇီဝလောင်စာတို့ကို အောက်ပါကုန်ကြမ်းများမှ စီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း သိပ္ပံပညာရှင်တို့က တွေ့ရှိဖော်ထုတ်ထားကြပြီးဖြစ်သည်။

(၁) စိုက်ပျိုးရေးလုပ်ငန်းမှထွက်ရှိသောအမှိုက်များ
(၂) သစ်တောထွက် ဇီဝအမှိုက်များ
(၃) သစ်သားစွန့်ပစ်အမှိုက်များ
(၄) အမှိုက်ကျင်းအတွင်းရှိ စွန့်ပစ်အမှိုက်များ
(၅) တိရစ္ဆာန်တို့၏ မစင်များ
(၆) ပြောင်းရိုး၊ ဂျုံနှင့်စပါးပင်တို့၏ ပင်စည်များ
(၇) ကြံနှင့်နံ့စားပြောင်းတို့ကို အရည်ကြိတ်ပြီး ကျန်ရှိသည့် ကြိတ်ဖတ်များ
(၈) ကိုင်းမြက်ရှည်များနှင့် ကျူပင်များ
(၉) အပူပိုင်းဒေသ၌ပေါက်ရောက်သည့် နှစ်ရှည်ခံမြက်ပင်များ
(၁၀) ကနေရီမြက်ပင်များနှင့် အယ်လ်ဖာဖာတောပန်းပင်များ
(၁၁) မိုးမခပင်၊ ပေါ်ပလာပင်၊ ထင်းရှူးပင်နှင့် ယူကလစ်ပင်ကဲ့သို့သော ကြီးထွားမြန်သစ်ပင်များ

အလားတူပင် မုန်ညင်းစေ့၊ ကင်နိုလာဂေါ်ဖီနှင့် ဆီထွက်သီးနှံမျိုးစေ့အချို့မှလည်း ဇီဝဒီဇယ်ထုတ်ယူနိုင်မည့် အလားအလာကောင်းများကို သိပ္ပံပညာရှင်များက တွေ့ရှိထားကြသည်။ မုန့်ညင်းစေ့ကိုကြိတ်၍ ဇီဝဒီဇယ်ထုတ်ယူနိုင်သလို ဆီကြိတ်ဖတ်များကိုလည်း သဘာဝပိုးသတ်ဆေးအဖြစ် စိုက်ခင်းများ၌ ကြဲပက်အသုံးပြုနိုင်ကြောင်း လက်တွေ့စမ်းသပ်ခဲ့ကြပြီးဖြစ်သည်။

အစားထိုးစွမ်းအင်အတွက် ဇီဝလောင်စာလိုအပ်ချက် ကိန်းဂဏန်းပမာဏ ပိုမိုများပြားလာမည့် အနာဂတ်ကာလကို မျှော်မှန်းလျက် သုတေသနပညာရှင်များက အခြေခံအကျဆုံးဖြစ်သည့် အောက်ပါကုန်ကြမ်းများမှ ဇီဝလောင်စာထုတ်ယူနိုင်ရေးကိုလည်း စမ်းသပ်သုတေသနပြုလျက်ရှိနေကြသည်။

(၁) ရေညှိရေမှော်
(၂) ကော်ဖီမှုန့်အဖြုန်း
(၃) ဆော်လမွန်ငါးကြီးဆီ
(၄) ဆေးရွက်ကြီး
(၅) သန့်စင်ထားသော ဘဲမွေးနှင့်ကြက်မွေး
(၆) ပေါင်းပင်မြက်ပင်များ

အနာဂတ်ကမ္ဘာ၌ ဇီဝလောင်စာလိုအပ်ချက် ပိုမိုကြီးထွားလာမည်ကို ကြိုတင်တွက်ဆနေကြသည့် သုတေသီတို့၏ ဆောင်ရွက်ချက်များက ဇီဝလောင်စာ၏ အဓိကကုန်ကြမ်းများဖြစ်သော ကောက်ပဲသီးနှံများကို စိုက်ပျိုးထုတ်လုပ်ပေးနိုင်သည့် စိုက်ခင်းများဆီသို့ ရင်းနှီးမြှုပ်နှံလိုသူတို့ကို ရောက်ရှိလာအောင် ဆွဲဆောင်လျက်ရှိနေရာ အစားထိုးစွမ်းအင်အတွက် ဇီဝလောင်စာများထုတ်လုပ်ရန် လိုအပ်သော ကောက်ပဲသီးနှံ တင်းသန်းပေါင်းများစွာကို ကမ္ဘာ့ပြည်သူတို့၏ စားနပ်ရိက္ခာထဲမှ ထုတ်နုတ်ရယူသုံးစွဲခြင်းထက် စွမ်းအင်သီးနှံများကို ထပ်မံတိုးချဲ့စိုက်ပျိုးခြင်းကသာ ကမ္ဘာ့စားနပ်ရိက္ခာ စျေးနှုန်း ကြီးမြင့်သွားစေမည့်ကိစ္စရပ်မျိုးမှ ရှောင်လွှဲပေးနိုင်လိမ့်မည် ဖြစ်ပေသည်။ ။

# စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချခြင်း ရှိ မရှိ စစ်ဆေး

**မြစ်သား အောက်တိုဘာ ၁၂**

ကျောက်ဆည်ခရိုင် မြစ်သားမြို့ ကူမဲဈေးအတွင်းရှိ ဆိုင်များတွင် FDA မှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှုမရှိစေရန်နှင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနက ဦးဆောင်ပြီး မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က အောက်တိုဘာ ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

"FDA က ထုတ်ပြန်ထားပြီး စားသုံးရန်မသင့်တဲ့ အစားအသောက်၊ အမျိုးအမည်တွေကို ကူမဲဈေးထဲမှာ ရောင်းနေတဲ့ ဈေးသည်တွေ၊ ဈေးဝယ်သူတွေ သိရှိအောင် ဒါတွေကတော့ ဆိုးဆေးတွေပါတဲ့ စားသောက်ကုန်တွေပါ။ ဒါတွေကတော့ စားသုံးရန်မသင့်တဲ့ အစားအသောက်တွေပါလို့ ပြည်သူလူထုကြား လိုက်လံကွင်းဆင်းပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေး ဆောင်ရွက်နေပါတယ်။ အခြေခံပညာကျောင်းတွေမှာလည်း စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဟောပြောပွဲများလည်း ဆောင်ရွက်ပေးနေပါတယ်။ အခုအချိန်က ပညာပေးကာလဖြစ်ပါတယ်"ဟု ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမောင်ထူးက ပြောသည်။



အဆိုပါအဖွဲ့အနေဖြင့် ကွင်းဆင်းစစ်ဆေးရာတွင် ပညာပေးကာလအတွင်း စားသုံးရန်မသင့်သော စားသောက်ကုန်များကို မရောင်းချရန် ဈေးဆိုင်ရှင်များအား အသိပညာပေးမှုများ ပြုလုပ်ခဲ့ကာ နောက်ပိုင်းတွင် စားသုံးသူများက နစ်နာမှုများရှိ၍ တိုင်ကြားလာပါက ဥပဒေအရသိမ်းဆည်းအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကိုလည်း ဈေးသည်များအား ရှင်းလင်းဆွေးနွေးခဲ့သည်။ **ရဲဝင်းထွန်း(မြစ်သား)**

---

# စလင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပွင့်လင်းစွာဆောင်ရွက်မည်

**စလင်း အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရန် ကျေးရွာအလိုက် ကော်မတီများဖွဲ့စည်းပြီး အနီးကပ်ကြီးကြပ်၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တင်ဒါရသောကုမ္ပဏီများအနေဖြင့် ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ ချပြပွဲကို အောက်တိုဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်က စလင်းမြို့နယ်အတွင်း ကျေးလက်ဒေသများတွင် လမ်း၊ တံတား၊ ရေတွင်း၊ ရေကန်များကို ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ဆောက်လုပ်ရာတွင် အရည်အသွေးမီသော ဆောက်လုပ်ရေးပစ္စည်းများကိုသုံးစွဲပြီး ကန်ထရိုက်တင်ဒါပါ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောက်လုပ်ခြင်းရှိ မရှိကို ကျေးရွာအလိုက် ကော်မတီများဖွဲ့စည်း၍ အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားရန်နှင့် စည်းကမ်းနှင့်အညီ ဆောင်ရွက်ခြင်းမပြုပါက မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့သို့ အချိန်မီသတင်းပို့အသိပေးရန်၊ လုပ်ငန်းတိုင်းတွင် ပြည်သူများအမြင်ရှင်းအောင် ပွင့်လင်းမြင်သာစွာဆောင်ရွက်သွားရန် အမှာစကားပြောကြားသည်။

စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဇော်မင်းထွတ်ကလည်း လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းအမည်၊ ခွင့်ပြုငွေ၊ ပြီးစီးမည့်နေ့ရက်၊ ဆောက်လုပ်သည့်ကုမ္ပဏီ စသည်တို့ကို ဆိုင်းဘုတ်စိုက်ထူထားရှိရန်နှင့် ဆောက်လုပ်သည့် စံမီမမီကို ကော်မတီဖွဲ့၍ စစ်ဆေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦးက အဆိုပါ ဆောက်လုပ်ရေးဆိုင်ရာ ကိစ္စများတွင် မိမိတို့အနေဖြင့် ဝင်ရောက်စွက်ဖက်မည်မဟုတ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ထိုက်သင့်သည့်အကျိုးအမြတ် ရရှိပြီးဖြစ်၍ စံချိန်စံညွှန်း ကိုက်ညီပြီး ပြည်သူများ ရေရှည်သုံးစွဲနိုင်အောင် စေတနာပါ ထည့်သွင်းလုပ်ဆောင်ကြရန် ပြောကြားသည်။

စလင်းမြို့နယ်၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လမ်း၊ တံတား၊ ရေတွင်းနှင့် ရေမြောင်းများ ဆောက်လုပ်ခြင်း၊ တူးဖော်ခြင်းလုပ်ငန်းများကို မာန်ရှင်းကုမ္ပဏီနှင့် မင်းမြတ်ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်ကြမည်ဖြစ်ပြီး လုပ်ငန်းများအတွက် ခွင့်ပြုငွေ စုစုပေါင်းမှာ ကျပ် ၆၉၅ ဒသမ ၂၉၅ သန်းဖြစ်ကာ လုပ်ငန်းများအားလုံးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် အပြီးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**စစ်ကြည်(စလင်း)**

---

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရေး အစည်းအဝေးပြုလုပ်

**ဟားခါး အောက်တိုဘာ ၁၂**

ချင်းပြည်နယ်၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စီမံကိန်းဦးစီးမှူးများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စီမံကိန်းဦးစီးမှူးများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရေးဆွဲမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဝီကော၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးဦးပြုံးချိုနှင့် ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူးဦးမြင့်အောင်တို့က ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်က ပြည်သူလူထုအခြေပြု မူးယစ်ဆေးစွဲကုသရေးဌာနများဖွင့်လှစ်မည့်လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ လည်းကောင်း၊ လမ်းဦးစီးဌာနနှင့် လမ်းအထူးအဖွဲ့များမှ တာဝန်ခံများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်ကျော်နှင့် ပြည်နယ်ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**

---

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပြီး ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီးထုတ်ပေး

**ကျိုင်းတုံ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းဝေးစေရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ယာဉ်ထိန်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ကျိုင်းတုံမြို့ မိုင်းဇင်းကျေးရွာအုပ်စု အထက(ခွဲ)ယန်းလူးကျောင်း၌ အောက်တိုဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ဦးအောင်မိုး(စစ်ဆေးရေးမှူး-၂)နှင့် အမှတ်(၁၁၆) ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်လွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို ဆွေးနွေးဟောပြောသည်။ ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယာဉ်မောင်းလိုင်စင်များကို ဆက်လက်ပြုလုပ်ပေးခဲ့ရာ လိုင်စင်လျှောက်ထားသူများအား ယာဉ်မောင်းနှင်မှု လက်တွေ့စစ်ဆေးခြင်းများ ပြုလုပ်စစ်ဆေး၍ အောင်မြင်သူများအား ယာဉ်မောင်းလိုင်စင်များ နေ့ချင်းပြီး ထုတ်ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

---

# ဖြောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်းမရှိစေရန် ကွင်းဆင်းစစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုင်းဖြတ်မြို့အတွင်းရှိ ဈေးဆိုင်များတွင် ဖြောက်အိုး၊ မီးရှူး၊ မီးပန်းများ ရောင်းချခြင်းမရှိစေရန်အတွက် မြို့အတွင်းရှိ ဈေးဆိုင်၊ ကုန်စုံဆိုင်များကို တာဝန်ရှိသူများက အောက်တိုဘာ ၉ ရက်က လှည့်လည်စစ်ဆေးခဲ့ကြောင်း သိရသည်။

မိုင်းဖြတ်မြို့အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ စခန်းမှူး ရဲအုပ်စိုးငွေ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက မိုင်းဖြတ်မြို့အတွင်းရှိ ကုန်စုံဆိုင်များနှင့် နေအိမ်ဈေးဆိုင်များတွင် လိုက်လံစစ်ဆေး၍ ဖြောက်အိုး၊ မီးရှူး၊ မီးပန်းများ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ကြရန် ဆိုင်ရှင်များအား အသိပညာပေးခဲ့ကြကာ ပြည်သူများအနေဖြင့်လည်း ဖြောက်အိုး၊ မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကစားခြင်း မပြုလုပ်ကြရန် အသိပညာပေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

---

## မှုခင်းသတင်းတိုများ

### ဝန်းသိုမြို့နယ်၌ တရားမဝင် ကျွန်းခွဲသားများ ဖမ်းဆီးရမိ

ကသာခရိုင် ဝန်းသိုမြို့နယ်အတွင်း ဝန်းသို-ဂျိုးတောင်-နမ်းခမ်း ကားလမ်း မိုင်တိုင်အမှတ်(၁၂/၄)အနီး၌ ကျွန်းခွဲသားများ တရားမဝင်တင်ဆောင်လာသော ခြောက်ဘီးကားတစ်စီးကို အောက်တိုဘာ ၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။

တရားမဝင် ကျွန်းသစ်ခွဲသားများ သယ်ဆောင်လာကြောင်း သတင်းအရ ဝန်းသိုမြို့မရဲစခန်းမှူး ဒုရဲမှူးတင်မောင်သက်နှင့်အဖွဲ့က သွားရောက်ရှာဖွေစစ်ဆေးစဉ် ယာဉ်မောင်း ဇာနည် မောင်းနှင်လာသည့် အပြာရောင်ခြောက်ဘီးယာဉ်ပေါ်တွင် အဖြူရောင် တိုရိုတာဆလွန်းယာဉ်တစ်စီး(နံပါတ် ၈ဗ/----)နှင့် တရားမဝင် သယ်ဆောင်လာသော ကျွန်းခွဲသားဆိုက်စုံ ၁၉၂ ချောင်း(အလေးချိန် ၁ ဒသမ ၂၆၇ တန်)ကာလတန်ဖိုး ၃၀၆၇၅၀ ခန့်ကို ဖမ်းမိခဲ့ခြင်းဖြစ်သည်။ ယာဉ်မောင်းအား စစ်ဆေးချက်အရ ကျွန်းသစ်များ၏ပိုင်ရှင်မှာ ဝန်းသိုမြို့နယ် နမ်းခမ်းကျေးရွာနေ ဦးခင်မောင်ရွှေဖြစ်ကြောင်း ထွက်ဆိုသဖြင့် ယာဉ်မောင်းသူ ဇာနည်နှင့် သစ်ပိုင်ရှင် ဦးခင်မောင်ရွှေ(စုံစမ်းဆဲ)တို့အား ဝန်းသိုမြို့မရဲစခန်း၌ ဒုရဲမှူးတင်မောင်သက်က တရားလိုပြုလုပ်အမှုဖွင့်ထားကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

### ပြည်သူပိုင်နေရာများတွင် မူးယစ်သောက်စားနေသူများအား ဖမ်းဆီး

ရေဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်တွင် အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ မူးယစ်သောက်စားခြင်း၊ အော်ဟစ်ဆူပူခြင်း၊ အန္တရာယ်ပြုခြင်းများ မရှိစေရေးအတွက် ကျုံပျော်မြို့မစခန်းမှူး ဒုရဲမှူးခိုင်ကျော်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲထက်အောင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တာဝန်ရှိသူများက မြို့အဝင်ပန်းခြံရှေ့ ကျောက်တိုင်ကွင်း၊ အင်းရဲလမ်းဆုံ၊ ခဲဘောင်ချောင်းကူးတံတား၊ စိုက်ပျိုးရေးနားနေဆောင်များနှင့် လမ်းများတွင် အောက်တိုဘာ ၉ ရက်ညပိုင်းက လှည့်လည်စစ်ဆေးစဉ် တာသစ်လမ်းမကြီးပေါ်၌ အရက်မူး၍ ကန့်လန့်လှဲအိပ်နေသော အမျိုးသားတစ်ဦး၊ အင်းရဲလမ်းဆုံ ဆိုက်ကားဂိတ်တွင် အရက်ပုလင်းထောင်၍ အရက်သောက်နေသူ အမျိုးသားနှစ်ဦးတို့အား ဖမ်းဆီးခဲ့ပြီး ရဲအက်ဥပဒေအရ အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။

ဆက်လက်၍လည်း ကျုံပျော်မြို့နယ် အများပြည်သူဆိုင်ရာနေရာများ၌ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်အောင်၊ ဘေးအန္တရာယ်ဖြစ်အောင် သောက်စားခြင်း၊ အော်ဟစ်ဆူပူခြင်းများပြုလုပ်ပါက စစ်ဆေးခြင်းနှင့် အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**

### ရွှေလီမြစ်တွင်း တရားမဝင်ကျွန်းသစ်ဖောင်တွဲ သုံးတွဲ သိမ်းဆည်းရမိ

ကသာမြို့နယ် ရေဝတီအရှေ့ဘက် ပျဉ်းထောင်ကြီးကျေးရွာမှ တောင်ဘက် တစ်မိုင်ခန့်အကွာ ရွှေလီမြစ်အတွင်း တရားမဝင် ကျွန်းသစ်ဖောင်တွဲသုံးတွဲကို အောက်တိုဘာ ၉ ရက်က ဖမ်းမိခဲ့ပြီး တရားမဝင်သစ်ခိုးထုတ်သူများမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သဖြင့် ပိုင်ရှင်မဲ့အဖြစ် ငါးအိုးတံတားအနီး ဆွဲယူသိမ်းဆည်းထားကြောင်း သိရသည်။

ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၏ ညွှန်ကြားချက်အရ ကသာမြို့နယ် သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်းနှင့် ဝန်ထမ်းများ၊ တောအုပ်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ ရဲအုပ်ဇာနည်ထွန်းနှင့် တပ်ဖွဲ့ဝင်များက ရွှေလီမြစ်ကြောင်းအတွင်း ရှင်းလင်းရေးဆောင်ရွက်စဉ် တရားမဝင်ကျွန်းသစ် အလုံး ၁၅၀ (အလေးချိန် ၁၇ ဒသမ ၉၆၂ တန်)၊ ကျွန်းခွဲသား ၁၀၅ ချောင်း(အလေးချိန် ၀ ဒသမ ၄၇၄၂ တန်)၊ ပျဉ်းမသစ်လုံး လေးလုံး (အလေးချိန် ၂ ဒသမ ၆၅၆ တန်)နှင့် ဖောင်ပေါ်တွင် တပ်ဆင်ထားသော ၁၃ ကောင်အား အင်ဂျင်တစ်လုံးနှင့် ခုနစ်ကောင်အား အင်ဂျင်တစ်လုံးတို့ကို တွေ့ရှိခဲ့ပြီး သစ်ခိုးထုတ်သူများမှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် တိုင်းတာစစ်ဆေးပြီး မှတ်တမ်းဓာတ်ပုံများရိုက်ကူးကာ ငါးအိုးတံတားအနီး ဆွဲယူသိမ်းဆည်းထားခြင်းဖြစ်ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။ **ငွေအိုး(ကသာ)**

### အမျိုးသမီးနှစ်ဦးမောင်းလာသော ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်

စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် မြို့ရှောင်လမ်းထောင့် တပ်ရှေ့၌ အောက်တိုဘာ ၅ ရက်က အမျိုးသမီးနှစ်ဦးမောင်းနှင်လာသော ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွာထောင်ရပ်ကွက်နေ မူလတန်းကျောင်း လုပ်အားပေးဆရာမတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်နှင့် ဟုန်ပန်းပတ္တမြားစက်မှုဇုန်မှ ဆိုက်အင်ဂျင်နီယာအမျိုးသမီးတစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်သည် အဆိုပါ မြို့ရှောင်လမ်းပေါ်တွင် မျက်နှာချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ဆိုက်အင်ဂျင်နီယာအမျိုးသမီးမှာ ဒဏ်ရာများရရှိပြီး စစ်ကိုင်းပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်မောင်းနှင်လာသော လုပ်အားပေးဆရာမနှင့် ဆိုက်အင်ဂျင်နီယာအမျိုးသမီး နှစ်ဦးစလုံးကို စစ်ကိုင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ထွေးမြင့်နိုင်(စစ်ကိုင်း)**

### မူးယစ်ဆေးဝါးသုံးစွဲသူအား ဖမ်းမိ

အင်းတော်မြို့နယ် ပုန်းဟုန်အုပ်စု ဥသျှစ်ကုန်းကျေးရွာ၌ မူးယစ်ဆေးဝါးသုံးစွဲသူတစ်ဦးအား သတင်းအရ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ကျေးရွာအနီး တောအတွင်းရှိ ဦးဖိုးမဲ၏တဲတွင် မူးယစ်ဆေးဝါးကျော်ဇောသတင်းရှိသူ စဥ့်ခိုးရွာသား အောင်တင်ဆိုသူ ရောက်ရှိနေကြောင်း သတင်းအရ မော်လူးနယ်မြေရဲစခန်းမှ ရဲအုပ်အောင်အောင်သန်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ အောင်တင် ပြသသော ဝါးလုံးခေါင်းအတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန်(၀ ဒသမ ၁ ဂရမ်)ခန့်ပါ ပင်နီဆီလင်ပုလင်းတစ်လုံးကို တွေ့ရှိရသဖြင့် အောင်တင်(၄၂ နှစ်)အား မော်လူးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ညီမင်းထက်(မြန်မာစာ)**

## သတင်းတိုများ

### စားသုံးရန်မသင့်သည့်စားသောက်ကုန်များ ရောင်းချခြင်းမရှိရန်စစ်ဆေး

ကလေးမြို့တာဟန်းဈေးအတွင်း၌ FDA မှ စားသုံးရန်မသင့်ဟု ထုတ်ပြန်ထားသော စားသောက်ကုန်များ၊ ရက်လွန်စားသောက်ကုန်များနှင့် အန္တရာယ်ဖြစ်စေနိုင်သော စားသောက်ကုန်၊ လူသုံးကုန်များ ရောင်းချခြင်းမရှိစေရန်အတွက် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဈေးတာဝန်ခံ၊ ကျန်းမာရေးတာဝန်ခံနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၆ ရက်က လိုက်လံစစ်ဆေးကာ ဆိုင်ရှင်များအား အသိပညာပေးဆွေးနွေးမှုများလည်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **ချင်းတွင်းသား**

### ကလေးကဗျာရေးသားနည်းဟောပြောပို့ချ

တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံခန်းမ၌ ကလေးကဗျာရေးသားနည်းနှင့် ကဗျာအကြောင်းအရာများ ပို့ချဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်က ပြုလုပ်ခဲ့ပြီး စာရေးဆရာ မြေလတ်မောင်မြင့်သူက တက်ရောက်လာသော ကဗျာချစ်သူများအား ကလေးကဗျာရေးသားနည်းနှင့် ကဗျာအကြောင်းအရာများကို ပို့ချဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ ကဗျာချစ်သူများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။ **လှလှ**

### စာဖတ်ရှိန်မြှင့်တင်ရေး ပညာပေးဟောပြောပွဲပြုလုပ်

သံဖြူဇရပ်မြို့နယ် အနင်းကျေးရွာ၌ ပြည်သူနှင့်ကျောင်းသားလူငယ်များ အသိအမြင် အတွေးအခေါ် မြင့်မားတိုးတက်စေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူးပြီး ကျေးရွာအထက(ခွဲ)၌ အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်အေးအေးသီက ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ဗဟုသုတရှိစေမည့် စာအုပ်စာပေများကို ကျောင်းစာကြည့်တိုက်နှင့်ကျေးရွာစာကြည့်တိုက်တွင် လေ့လာဖတ်ရှုကြရန် လိုအပ်ကြောင်းနှင့် ကျေးရွာစာကြည့်တိုက် ရှင်သန်တိုးတက်ရေးနှင့် စာအုပ်စာစောင် တိုးပွားရေးဆိုင်ရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို ပညာပေးဟောပြောခဲ့သည်။ ထို့နောက် TTCL Myanmar Engineering & Construction ကုမ္ပဏီလီမိတက်မှ ဦးထက်အောင်မွန်က စာကြည့်တိုက်ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်နိုင်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။ **ကျော်ဝင်း(ပြန်/ဆက်)**

### ဟုမ္မလင်းမြို့၌ စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

ဟုမ္မလင်းမြို့အလက(၃)ကျောင်း၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၇ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူ ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား မြို့နယ် ပြန်/ဆက် ဦးစီးမှူး ဒေါ်ကြည်ကြည်နှင့် ကျောင်းအုပ်ဆရာမကြီးတို့က ဆုများချီးမြှင့်ပေးခဲ့သည်။ **မင်းအောင်(ပြန်/ဆက်)**

# လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းထည့်သွင်းခြင်း သင်တန်းဖွင့်

**ပခုက္ကူ အောက်တိုဘာ ၁၂**

သားဆက်ခြားရန်နှင့် မိခင်သေဆုံးမှုနှုန်းလျှော့ကျရေး အထောက်အကူပြု လက်မောင်း အရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းထည့်သွင်းခြင်း ဝန်ဆောင်မှုသင်တန်း(Multiplier Training on Long Acting Reversible Contraception-implant)ကို ပခုက္ကူခရိုင် အထွေထွေရောဂါကု ဆေးရုံခန်းမ၌ အောက်တိုဘာ ၁၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မိခင်နှင့်မျိုးဆက်ပွား ကျန်းမာရေးဌာန၏ ဦးဆောင်ကြီးကြပ်မှု၊ Family 2020 မှ ငွေကြေးနှင့် သားဆက်ခြားပစ္စည်းများ ထောက်ပံ့မှုနှင့် Jhpiego ၏ နည်းပညာပံ့ပိုးမှုတို့ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းဖွင့်ပွဲတွင် ခရိုင်အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဘုန်းမော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာမိုးမိုးရွှေနှင့် Jhpiego မှ MNCH Advisor ဒေါက်တာအောင်ဇော်လင်းတို့က အမှာစကားပြောကြားသည်။




လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားပစ္စည်းဝန်ဆောင်မှုသင်တန်းကို ဖွင့်လှစ်ပေးခြင်းဖြင့် မိခင်များအနေဖြင့် သားဆက်ခြားနည်းလမ်းများကိုသိရှိပြီး မိမိတို့ကြိုက်နှစ်သက်ရာ သားဆက်ခြားနည်းလမ်းများကို အသုံးပြု၍ မိခင်နှင့်ကလေးသေဆုံးမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ယခင်က သားဆက်ခြားခြင်းဝန်ဆောင်မှုကို ပြင်ပဆေးခန်းများ၊ ပြည်သူ့ဆေးရုံများတွင် အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးနိုင်ခဲ့ရာမှ ယခုသင်တန်းပြီးစီးသွားပါက ပြည်သူ့ဆေးရုံများတွင် လက်မောင်းအရေပြားအောက်ထည့် သားဆက်ခြားဝန်ဆောင်မှုပေးနိုင်မှုအပေါ်မူတည်ကာ ပစ္စည်းများပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက ပြောသည်။

သင်တန်းသို့ မြို့နယ်ငါးမြို့နယ်မှ တိုက်နယ်ဆရာဝန်များနှင့် လက်ထောက်ဆရာဝန် သင်တန်းသား ၁၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ လေးရက်ကြာသင်တန်းဖြစ်ကြောင်းနှင့် သင်တန်းတွင် စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# မူကြိုကျောင်းများဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင်မိခင်များအားထောက်ပံ့

**သထုံ အောက်တိုဘာ ၁၂**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ယူဖွင့်လှစ်ထားသည့် မူလတန်းကြိုကျောင်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက အောက်တိုဘာ ၁၀ ရက်တွင် မူကြိုကျောင်းအသီးသီးသို့သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး ကိုယ်ဝန်ဆောင် မိခင်များအား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလင်း၊ သထုံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးမြမြကြိုင်နှင့် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေး အဖွဲ့ဝင်များက သထုံမြို့နယ်အတွင်းရှိ နန်းခဲရပ်ကွက်၊ ကျိုက္ကော်ရပ်ကွက်၊ ကတိုက်ကြီးကျေးရွာနှင့် မရမ်းကုန်းကျေးရွာ မူကြိုကျောင်းများသို့ သွားရောက်ကာ ကျောင်းအသီးသီးတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး မူကြိုကလေးငယ်များအား အသုံးအဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကာ မရမ်းကုန်းကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**



# ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောပွဲပြုလုပ်

**ကျောက်မဲ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် မိခင်နှင့်ကလေး ကျန်းမာရေးဌာနနှင့် ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းကို အမှတ်(၁)ရပ်ကွက်ရှိ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ အောက်တိုဘာ ၁၀ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျန်းမာရေးအသိပညာပေးမှုအဖြစ် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က ကိုယ်ဝန်ဆောင်မိခင်များ အိုင်အိုဒင်းဓာတ်မပြည့်ဝသော ဆားများကို စားသုံးခြင်းဖြင့် သားပျက်ခြင်း၊ မွေးဖွားလာသော ကလေးများ ကိုယ်အင်္ဂါချို့တဲ့ခြင်းနှင့် ဦးနှောက်ဉာဏ်ရည်မမီခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အပြင် လည်ပင်းကြီးရောဂါများပါ ဖြစ်ပွားနိုင်ကြောင်း၊ ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ဇီဝါထွန်းက ဂျပန်ဦးနှောက်ရောင်ရောဂါသည် ဂျပန်ဦးနှောက်ရောင်ရောဂါပိုး(JE Virus)ကို သယ်ဆောင်လာသော ကျူးလက် ခြင်ကိုက်ခြင်းကြောင့်ဖြစ်ပြီး အဆိုပါခြင်သည် ရေပုပ်ရေသိုးတွင်ပေါက်ပွားကာ အသက် ၁၅ နှစ်အောက် ကလေးများတွင် ရောဂါအဖြစ်များကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများတွင် ရောဂါကူးစက်ခံရပါက ဦးခေါင်းသေးငယ်သည့်ကလေးများ မွေးဖွားမှုဖြစ်စဉ်များ၊ ရောဂါကူးစက်ပြန့်ပွားပုံနှင့် ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များအကြောင်းကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်သော ကျောက်မဲမြို့ပေါ်မှ ကိုယ်ဝန်ဆောင်မိခင်များအား ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မိခင်တစ်ဦးလျှင် ကလေးစောင်တစ်ထည်စီ၊ ကြက်ဥနှင့် အိုင်အိုဒင်းဆားများကို ထောက်ပံ့ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဇာထိုး၊ ပန်းထိုးနှင့် သိုးမွေးထိုးသင်တန်းဆင်း

**တနင်္သာရီ အောက်တိုဘာ ၁၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုးလုပ်ငန်းပညာသင်တန်းဆင်းပွဲကို တနင်္သာရီမြို့နယ် အရှေ့သာရဖုံကျေးရွာ ဓမ္မဥ္ဇူဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးမောင်တင်အောင်က သင်တန်းသူများအား သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့ကာ သင်တန်းသူများ၏ ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုး လက်ရာများကို ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ ဇာထိုး၊ ပန်းထိုး၊ သိုးမွေးထိုးလုပ်ငန်းပညာသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ အရှေ့သာရဖုံကျေးရွာနှင့် အနောက်သာရဖုံကျေးရွာတို့မှ သင်တန်းသူ ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် စာရေးများစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

**ရွှေတောင် အောက်တိုဘာ ၁၂**

ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးများစွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်ပွဲကို အဆိုပါရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာလပထမပတ်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးနိုင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်း ပြောကြားသည်။ သင်တန်းတွင် မြို့နယ်စီမံကိန်းရေးဆွဲခြင်းအစီအစဉ်၊ ကျားမတန်းတူညီမျှရေး၊ ခေါင်းဆောင်မှုစွမ်းရည်နှင့် အငြင်းပွားမှုဖြေရှင်းခြင်းတို့ကို ဆွေးနွေးခဲ့ပြီး သင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း ၁၀၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရထားစီးခရီးသည်များအား ဝန်ဆောင်မှုပေးရန် ပထမဆုံးအကြိမ် မေးမြန်းစစ်တမ်းကောက်ယူ

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများအား ကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရေး ပထမအကြိမ် ခရီးသွားပြည်သူများနှင့် မေးမြန်းစစ်တမ်းကောက်ယူခြင်းကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်ဘူတာကြီး၌ ပြုလုပ်ခဲ့သည်။

"ကျွန်တော်တို့မြန်မာ့မီးရထားအနေနဲ့ ခရီးသွားပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ဖို့ ဂျိုက်ကာ (JICA) ရဲ့ ကူညီပံ့ပိုးမှုနဲ့ မြန်မာ့မီးရထားမှ ဝန်ထမ်းတွေက သင်တန်းတွေပေးခဲ့ပြီးဖြစ်ပါတယ်။ အဲဒီသင်တန်းတွေတက်ရောက်ခဲ့တဲ့ ဝန်ထမ်းတွေအနေနဲ့ ခရီးသွားပြည်သူတွေကို အကောင်းဆုံးဝန်ဆောင်မှုတွေပေးနိုင်ဖို့ ခရီးသွားပြည်သူတွေနဲ့ ပထမဆုံးအကြိမ် မေးမြန်းစစ်တမ်းကောက်ယူတာကို ဆောင်ရွက်တာဖြစ်ပါတယ်" ဟု မြန်မာ့မီးရထား(အောက်မြန်မာပြည်)အထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်းက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

ယင်းကဲ့သို့ ခရီးသွားပြည်သူများအား မေးမြန်းစစ်တမ်းကောက်ယူခြင်းကို ရန်ကုန်ဘူတာကြီးအပါအဝင် ဘူတာတိုင်း၌ တစ်လတစ်ကြိမ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဘူတာတိုင်းတွင် ခရီးသွားပြည်သူများအတွက် အကြံပြုမှတ်တမ်းစာအုပ်ကို နေ့စဉ်ထားရှိပေးထားကြောင်း၊ ယင်းစစ်တမ်းကောက်ယူမှုနှင့် အကြံပြုမှတ်တမ်းများအရ မြန်မာ့မီးရထား တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးပြီး ချက်ချင်းလက်ငင်းဖြည့်ဆည်းပေးနိုင်သည်များကို ချက်ချင်းဖြည့်ဆည်းပေးသွားမည်ဖြစ်ပြီး ရေရှည်ဆောင်ရွက်ရမည့် စီမံကိန်းလုပ်ငန်းများကို ဘတ်ဂျက်တင်ပြတောင်းခံကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဦးထွန်းအောင်သင်းက ထပ်လောင်းပြောကြားသည်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများကို ကောင်းမွန်သောဝန်ဆောင်မှုပေးရာတွင် ရုပ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများဖြစ်သည့် ဘူတာများ၊ စက်ခေါင်းနှင့် တွဲများ၊ လမ်းပိုင်းဆိုင်ရာများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ပေးရန် လိုအပ်နေပြီး မီးရထားဝန်ထမ်းများ၏ ကောင်းမွန်သည့် ဆက်ဆံရေးဖြင့်အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရန် ယင်းစစ်တမ်းကိုကောက်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ကောင်းမွန်သော ဝန်ဆောင်မှုစနစ်ကို ထပ်တလဲလဲပြုလုပ်သွားခြင်းဖြင့် မြန်မာ့မီးရထား၏ ဝန်ဆောင်မှုလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရသည်။



**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



**ပြည်တွင်းစားသုံးဆီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျန်းမာရေးနှင့် ညီညွတ်သော အဆင့်အတန်းမြင့်စားသုံးဆီများ ထုတ်လုပ်နိုင်ရန်၊ ထုပ်ပိုးစနစ်များလေ့လာရန်အတွက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးမြင့်ကြူ ဦးဆောင်သော ဆီလုပ်ငန်းရှင်များနှင့် ဆီစက်ပိုင်ရှင်များသည် အောက်တိုဘာ ၉ ရက်က မလေးရှားနိုင်ငံသို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်** ကိုကြီးတင်

## မိုင်းပွန်ကျေးရွာအုပ်စု ကျေးရွာမြေပုံဇယားဂရန်ပေးအပ်

**လွိုင်လင် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်းလွိုင်လင်ခရိုင် လွိုင်လင်မြို့နယ် မိုင်းပွန်ကျေးရွာအုပ်စု မိုင်းပွန်-၂ တောင်ရပ်မြေပုံဇယားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက မိုင်းပွန်စဝ်စံထွန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်က ကျေးရွာမြေပုံဇယားဂရန် ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မိုင်းပွန်-၂ တောင်ရပ်မှ ပြည်သူများအား ကျေးရွာမြေပုံဇယားဂရန်ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## လိပ်သိုမြို့၌ ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**လိပ်သို အောက်တိုဘာ ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့မြသာကုန်းကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို လိပ်သိုတိုက်နယ်ဆေးရုံနှင့် ဂရုနာမျက်ဝန်း ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ အောက်တိုဘာ ၉ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျေးရွာ အထကခွဲကျောင်း၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရာတွင် လိပ်သိုတိုက်နယ်ဆရာဝန် ဒေါက်တာဇေယျာဦးက ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်း၊ ရောဂါလက္ခဏာ၊ ကူးစက်ပြန့်ပွားပုံနှင့် သတိပြုကာကွယ်ရမည့်နည်းလမ်းများအကြောင်းတို့ကို ဟောပြောပြီး တိုက်နယ်ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဂရုနာမျက်ဝန်းပရဟိတအဖွဲ့ဝင်များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ရာ ပြည်သူ ၁၅၀ ကျော်၏ အထွေထွေရောဂါများကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးပြီး မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**မိုင်းယောင်း အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးမှူး၍ အောက်တိုဘာ ၁၀ ရက်က ပြုလုပ်ခဲ့ပြီး မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအေးမင်းမောင်နှင့် တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားခြင်း၏ အကြောင်းရင်းများ၊ ဖြစ်ပွားပါက ထိတ်လန့်ကြောက်ရွံ့မှုမရှိဘဲ မီးငြိမ်းသတ်နိုင်စေရန်နှင့် မီးဘေးကြိုတင်ကာကွယ်ရေး သိကောင်းစရာများကို ပြောဟောခဲ့ကြောင်း သိရသည်။

ထို့နောက် မီးလောင်မှုအမျိုးမျိုးဖြစ်သည့် လောင်စာဆီမှ မီးလောင်ကျွမ်းခြင်း၊ ဂက်မီးဖိုမှ မီးလောင်ကျွမ်းခြင်းနှင့် ရိုးရိုးမီးလောင်ကျွမ်းခြင်းများတွင် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းများကို ကျောင်းသား ကျောင်းသူများ ပိုမိုသိရှိနားလည်အောင် မြို့နယ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြသခဲ့ပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းကို ကျောင်းသား ကျောင်းသူများကိုယ်တိုင် လက်တွေ့ပြုလုပ်စေခဲ့ကြောင်း သိရသည်။

**အားချာ(ပြန်/ဆက်)**

**သိန္နီမြို့နယ်အတွင်း ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း) အမှတ်(၁၁၉)ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်စိတ်(၁)သိန္နီမှ ရဲအုပ်ဇော်မင်းသိန်းနှင့် မြို့နယ်ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရေပူစစ်ဆေးရေးဂိတ်ဟောင်းနေရာ၌ အောက်တိုဘာ ၁၀ ရက်က ဆောင်ရွက်စဉ်**

(မြို့နယ် ပြန်/ဆက်)



## လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းမှုလွယ်ကူစေရန် အထောက်အကူပြုသမဝါယမအသင်း စတင်ဖွဲ့စည်း

**မြင်းခြံ အောက်တိုဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းမှ ကျေးလက်နေတောင်သူများ၏ လယ်ယာလုပ်ငန်းခွင်တွင် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းမှုလွယ်ကူစေရေးအတွက် လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းလီမိတက်ကို အောက်တိုဘာ ၉ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

အဆိုပါ လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမအသင်းလီမိတက်အနေဖြင့် မြို့နယ်အတွင်း လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေးတွင် အထောက်အကူဖြစ်စေရန်အပြင် သီးနှံအထွက်တိုး၍ တောင်သူများ ဝင်ငွေတိုးတက်စေရန်၊ စက်ကိရိယာအသုံးပြုခြင်းအားဖြင့် လယ်ယာလုပ်သားရှားပါးမှုကို ဖြည့်ဆည်းနိုင်ရန်၊ တစ်ဧကစိုက်ပျိုးစရိတ်ကုန်ကျမှုလျှော့ချနိုင်စေရန်၊ လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သူများ ပေါပေါက်လာစေရန်စသည့် ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြင်းခြံမြို့ရှိ မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် အသင်းဖွဲ့စည်းခြင်းအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းစုချုပ်ဥက္ကဋ္ဌ ဦးဆန်းလွင်တို့က ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လယ်ယာအထောက်အကူပြု ဝန်ဆောင်မှုသမဝါယမလီမိတက်အဖွဲ့အစည်း၏ စည်းမျဉ်း၊ စည်းကမ်းများကို ဖတ်ကြားအတည်ပြုသည်။


ထို့နောက် အသင်းသားစာရင်းကို ကြေညာပြီး အသင်းအမှုဆောင်ငါးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်ခဲ့သည်။ **ဇော်မင်း(မြင်းခြံ)**


## သတင်းတို

### တောင်သူပညာပေး ကွင်းသရုပ်ပြ ရှင်းလင်း

ကွန်ဟိန်းမြို့နယ် နမ့်ဟိုင်းရွာရှိ စိုက်နည်းစနစ် ငါးမျိုးဖြင့် ယှဉ်ပြိုင်စမ်းသပ်စိုက်ကွင်း၌ တောင်သူပညာပေး ကွင်းသရုပ်ပြရှင်းလင်းပွဲကို အောက်တိုဘာ ၉ ရက်က ပြုလုပ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းနိုင်က စမ်းသပ်စိုက်ကွင်းတွင် စိုက်နည်းစနစ်ငါးမျိုးဖြင့် စပါးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားမှုနှင့် စိုက်နည်းတစ်မျိုးချင်းအလိုက် သီးနှံများဖြစ်ထွန်းအောင်မြင်မှုအခြေအနေများကို တောင်သူများအား ရှင်းလင်းပြသခဲ့သည်။

**မိုးလွင်ဦး(လွိုင်လင်)**


telenor
ရေ နဲ့ သစ်ပင်
ပါးပြင် ဆင်မြန်း
အဖြေကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် Telenor Myanmar Facebook Page မှာဝင်ရောက်ကြည့်ရှုနိုင်ပါတယ်။


Open Today
The 4th International Construction, Power & Mining Exhibition
စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ဆောက်လုပ်ရေး၊ စွမ်းအင်နှင့် ဓာတ်သတ္တုတူးဖော်ရေး ကုန်စည်ပြပွဲ
CONSTRUCTION, POWER & MINING
Myanmar 2016
13-15 October 2016
Myanmar Event Park (MEP)
9.00-17.00 Hrs.
စီးပွားရေးလုပ်ငန်းရှင်များအတွက်သာ။
အသက် (၁၈) နှစ်အောက်ဝင်ရောက်ခွင့်မပြုပါ။
New Venue
MEP
Including:
• Over 200 leading companies from around the world
• 5 international groups from China, Germany, Korea, Singapore and Thailand
• Industry Conferences & Seminars
ပါဝင်သည် :
• ကမ္ဘာအနှံ့မှဦးဆောင် ကုမ္ပဏီ ၂၀၀ ကျော်
• တရုတ်၊ ဂျာမနီ၊ ကိုရီးယား၊ စင်္ကာပူ နှင့် ထိုင်းနိုင်ငံတို့မှ နိုင်ငံတကာပြခန်းကြီး (၅)ခန်း
• လုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများ
Visitors can pre-register online or onsite at the exhibition
ဧည့်သည်တော်များသည် အွန်လိုင်းမှ ကြိုတင်စာရင်းပေးသွင်းနိုင်သလို ပြပွဲတွင်လည်း စာရင်းပေးသွင်းနိုင်ပါသည်
www.cpmmyanmar.com
ELECTRIC POWER & RENEWABLE ENERGY 2016
3in1
MINING 2016
BUILDING & CONSTRUCTION 2016
Supported by
MCEA
REAM
Myanmar Engineering Society
Yangon Electricity Supply Corporation
Acknowledged by
Ministry of Commerce
Ministry of Construction
Ministry of Electric Power and Energy
Ministry of Resources and Environmental Conservation
Platinum Sponsor
Z&A
Organised by
BES
ALLWORLD EXHIBITIONS
Bangkok Exhibition Services Ltd.

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

SKY PLASTIC Company Limited.

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

TUN TAUK (Relax) Company Limited.

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

SILVER HOUSE PLASTIC Company Limited.

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ICON Shopping Center

ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကိုနိုင်ဝင်း + ဒေါ်ခင်ခင်အေး
(ကြယ်စင်စု စတီးရောင်းဝယ်ရေး)


အထူးဂုဏ်ယူဝမ်းမြောက်ခြင်း
ICON Shopping Center
ပဲခူးမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင်
အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်
ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့်
နောင်နှစ်ပေါင်းများစွာ တိုင်အောင်
အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။
SUMMIT PLASTIC Company Limited.
SUMMIT
SUMMIT PLASTIC

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**ICON Shopping Center**

ပခုက္ကူမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့် နောင်နှစ်ပေါင်းများစွာ တိုင်အောင်

အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Popular Plastic Group

SINCE-1985
POPULAR
Plastic Group

POPULAR PLASTIC
SOGO PVC Pipe & Pipe Fitting
SOGO Electrical Industry
SOGO SOGO STEEL INDUSTRY
SOGO PE WATER TANK

POPULAR PLASTIC GROUP

---

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**ICON Shopping Center**

ပခုက္ကူမြို့၊ နာရီစင်အနီး 11.10.2016 ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်

အထူးပင် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း နှင့် နောင်နှစ်ပေါင်းများစွာ တိုင်အောင်

အောင်မြင်တိုးတက်မှုများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

JB
Golden Jaguar

GOLDEN JAGUAR Company Limited.

ကမ္ဘာ့လက်ဆေးနေ့ကို
လက်ကမ်းကြိုဖို့ familycare နဲ့
လက်ဆေးကြစို့ ...




99.99%



PUN HLAING SILOAM HOSPITALS
မြန်မာနိုင်ငံနှင့်စင်ကာပူနိုင်ငံမှဆရာဝန်ကြီးများပူးပေါင်းကုသမှု
"နိုင်ငံခြားသို့သွားရောက်ကုသရန် မလိုတော့ပါ"
LIKE US ON facebook Pun Hlaing Siloam Hospitals

အရိုးရောဂါဆိုင်ရာစစ်ဆေးကုသမှုအမျိုးမျိုးတို့ကို
- မှန်ပြောင်းအသုံးပြု၍ ဒူးဆစ်အတွင်းရောဂါရှာဖွေကုသခြင်း (Arthroscopy)
- အရိုးအကြော၊ တင်ပါးဆုံဆစ်နှင့်ဒူးဆစ်ပိုင်းဆိုင်ရာအစားထိုးခွဲစိတ်ကုသခြင်း
- Ilizarov နည်းပညာသစ်ဖြင့် အရိုးရှည်အောင်ခွဲစိတ်ကုသခြင်း
- အခြားအရိုးရောဂါများကိုကုသခြင်း

အောက်တိုဘာလ (၂၂) ရက်နေ့မှ (၂၅) ရက်နေ့အထိ



ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၆၈၄ ၃၂၃၊ ၆၈၄ ၃၂၅၊ ၆၈၄ ၃၃၆၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၉) ၂၅၄ ၉၅၀ ၈၁၇ / မန္တလေး (၀၉) ၄၃၂ ၀၇၇၈၁ www.punhlaingsiloamhospitals.com

SWEETY HOME®
စပရင်မွေ့ရာ၊ ပရိဘောဂနှင့် မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး

NATIONWIDE PROMOTION 2016
DATE- 10th~31st OCT 2016

5% TO 10% OFF






ကံထူးရှင် ဘယ်သူ ဖြစ်မလဲ?

ငွေကျပ် ၁၀သိန်း (၅) ဆု နှင့် အခြားဆုမဲပေါင်းများစွာ

အမြို့မြို့အနယ်နယ်ရှိ ဆွိတီးဟုမ်း အရောင်းဆိုင်များတွင် ငွေကျပ် (၁)သိန်းနှင့် အထက်ဝယ်ယူသူတိုင်း ပါဝင်ကံစမ်းနိုင်ပါသည်။

LIVING MALL IN YANGON ✆ 01-521255, 551591, 8550358 | LIVING MALL IN MANDALAY ✆ 09-977919888, 02-2835938
SHOWROOM IN YANGON ✆ 01-9669544, 205224 | SHOWROOM IN MANDALAY ✆ 02-60810, 09-91029989





## မနေ့ာရမှုပညာဒါနသင်တန်းများဖွင့်မည်

စမ်းချောင်းမြို့နယ်၊ အရှေ့ဥယျာဉ်တိုက်၊ မနောရမ္မပညာဒါနကျောင်းတွင် ဝါရင့်ဆရာ/ဆရာမကြီးများကိုယ်တိုင်အင်္ဂလိပ်၊ ပြင်သစ်၊ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ ဂျာမန်၊ ထိုင်း၊ အီလက်ထရွန်းနစ်၊ Management၊ ကွန်ပျူတာသင်တန်း၊ စာရင်းကိုင် LCCI- I+II+III သင်တန်းများနှင့် ဖုန်းပြင် Hardware/Software သင်တန်းများကို ပညာဒါနအဖြစ်သင်ကြားပေးမည်။

သင်တန်းအားလုံး - ၂၂-၁၀-၂၀၁၆ ရက်ဖွင့်မည်။
စုံစမ်းရန် - အရှေ့ဥယျာဉ်တိုက်၊ဗဟိုလမ်း(ရှမ်းလမ်း) တရားရုံးအနောက်(ခွာတ်ဆီဆိုင်အနီး) ၅၁၈၀၂၄၊ ၅၃၇၀၂၆ (စမ်းချောင်း)

## ဝန်ထမ်းအမြန်အလိုရှိသည်

အဲကွန်း (ကျွမ်းကျင်) ကျား (၅) ဦး
အဲကွန်း (ပညာသင်) ကျား (၁၀) ဦး
(လစာညှိနှိုင်း)
Ph : 09 259104586, 09 975157570.

## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## iCTS(Myanmar)Co.,Ltd. မှ ဝန်ထမ်းအမြန်အလိုရှိသည်

၁။ BE (Electrical) ကျား(၃)ဦး
အသက်(၂၃)မှ(၄၅)အတွင်းဖြစ်ရမည်။လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။Estimate တွက်ချက်နိုင်ပြီး Quality Control ပြုလုပ်နိုင်ရမည်။ လုပ်ငန်းလိုအပ်ချက်အရ နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။ကျန်းမာရေး ကောင်းမွန်ပြီးအချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရမည်။
၂။ HR Staff မ (၁)ဦး
ဘွဲ့တစ်ခုရရှိပြီး HR သင်တန်းဆင်းဖြစ်ရမည်။HR လုပ်ငန်း အတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိရမည်။ပေါင်းသင်း ဆက်ဆံရေး ကောင်း၍ ရုံးလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်ရမည်။
၃။ Operation Staff ကျား(၁၀)ဦး
ပညာအရည်အချင်းအနည်းဆုံး(၁၀)တန်း/(၁၀)တန်းအောင်ဖြစ်ရမည်။ လုပ်ငန်းလိုအပ်ချက်အရနယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။ကျန်းမာရေး ကောင်းမွန်ပြီးအချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်ရမည်။(၁၀)လစာချုပ်ဖြင့် လုပ်ကိုင်ရမည်ဖြစ်သည်။
CV Form နှင့်အတူ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
၁၀၊စည်ပင်သာယာလမ်း၊(၉)ရပ်ကွက်၊မရမ်းကုန်း၊ရန်ကုန်မြို့။
၀၉-၄၃၀၈၇၄၀၉၊ ၀၉-၇၈၁၇၂၂၇၉၉၊ ၀၁-၆၅၂၁၁၆

## အေးမဉ္ဇူ အိမ်ခြံမြေ

ဒဂုံမြို့သစ် (အရှေ့ပိုင်း)
မြေကွက်များ ဝယ်လိုသည်။
ဖုန်း-၀၉-၂၆၄၁၀၆၄၇၁၊ ၀၉-၇၈၁၂၆၈၅၅၁

## မြန်မာကော်တွန်-ကုမ္ပဏီ

* ခန်းဆီးလိုက်ကာပိတ် နှင့် Blinds မျိုးစုံချုပ်လုပ်ခြင်း။
* လိုက်ကာတန်း မျိုးစုံတပ်ဆင်ခြင်း
* Sofa, Cushion ဒီဇိုင်းမျိုးစုံ ချုပ်လုပ်ခြင်းနှင့် ပြုပြင်ခြင်း။
* မွေ့ရာ အမျိုးမျိုးရောင်းချခြင်းနှင့်ပြုပြင်ခြင်း
* ခန်းဆီးလိုက်ကာ ပိတ်စများကို လက်လီ/လက်ကား ရရှိနိုင်ပါသည်။

အမှတ်-(၁၂၀)၊ မဟာဗန္ဓုလလမ်းနှင့် (၅၇)လမ်းထိပ်၊ ရန်ကုန်မြို့။
Ph: 291317/202921/09-8627489

## အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မဒေါ်တင်နု ၁၂/ဗဟန(နိုင်) ၀၁၂၈၈၃ သည် သမီးဖြစ်သူ မမာလာခိုင်အား အမွေပြတ်စွန့်လွှတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် ဆူပူကြိမ်းမောင်းသဖြင့် သမီးဖြစ်သူအား အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။) မိခင်-ဒေါ်တင်နု**

## ပျောက်ဆုံးကြောင်း

ကျွန်တော်ထွန်းမျိုးအောင်၏ CDC-95345 နှင့် PP-MA 384767 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၂၅၃၅၄၆၅၀၈


FOREVER
Wedding One Stop Service Centre

OK$ ဖြင့် ငွေပေးချေသော မင်္ဂလာပွဲ ဓာတ်ပုံရိုက်ကူးမှုအတွက် ကျပ် **20,000** တန် ဓာတ်ပုံပါဘောင်အား မေတ္တာလက်ဆောင် ရယူပါ။

OK$

Forever (Yangon): 01-227810, 01-224508 Forever (Mandalay) : 02-22219, 09-2015228 အစီအစဉ်ကာလ ➡ 15.10.2016 မှ 15.11.2016 ထိ




Distributed By PAHTAMA GROUP
Abbott Nutrition Careline 01-8551428 09 260 35 62 62 abbottnutrition@pahtama.com
Abbott

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဝင်များ တည်းခိုမည့်နေရာနှင့် ပြိုင်ပွဲကျင်းပမည့်နေရာများ ကြည့်ရှုစစ်ဆေး

စာမျက်နှာ - ၅

# တပ်မတော်အနေဖြင့် နိုင်ငံသားများကို ကာကွယ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံသားများသည် နံပါတ်တစ် ဦးစားပေးဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Bert Koenders အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဗေဿုဇ္ဈာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧည့်သည်တော်ဝန်ကြီးက ယခု ခရီးစဉ်တွင် ရခိုင်ဒေသသို့ သွားရောက်ခဲ့မှု၊ ရခိုင်ဒေသ၏ ပဋိပက္ခကြီးမားမှုအခြေအနေ၊ မတူညီသည့် လူမှုအသိုက်အဝန်းနှစ်ခုအား ပေါင်းစပ်ရန်ခက်ခဲမှုအခြေအနေများ၊ စိန်ခေါ်မှုများနှင့် တပ်မတော်၏ သဘောထားအမြင်ကို ဆွေးနွေးမေးမြန်းရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လက်ရှိဖြစ်ပွားနေသည့် ရခိုင်ပြည်နယ် အရေးကိစ္စများသည် စာမျက်နှာ ၇ ကော်လံ ၅ ◆



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

## NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခမ်းအနား ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်အခမ်းအနားကို နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန(၁) MICC (1) ၌ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA လက်မှတ် ရေးထိုးခြင်းအခမ်းအနားကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပခဲ့ပြီး ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော် (DKBA)၊ ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)နှင့် ရှမ်းပြည် စာမျက်နှာ ၆ ကော်လံ ၁ ❍


### တပ်မတော်စစ်ကြောင်းက နယ်မြေရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ နှင့် တိုက်ပွဲဖြစ်ပွား

စာမျက်နှာ - ၁၂

### အကြမ်းဖက်စီးနင်း တိုက်ခိုက်သူများက နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်အား ချောင်းမြောင်းပစ်ခတ်၊ ဝါးပိတ်ကျေးရွာအား မီးရှို့ဖျက်ဆီး

စာမျက်နှာ - ၁၂

# ဝင်ငွေနည်း အိမ်ရာမဲ့ပြည်သူများ တန်ဖိုးနည်းအိမ်ရာ ပိုင်ဆိုင်ခွင့်ရတော့မည်



**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် အောက်တိုဘာ ၁၂**

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် Construction and Housing Development Bank (CHDB) တို့ ပူးပေါင်းကာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝင်ငွေနည်းအိမ်ရာမဲ့ပြည်သူများအား အိုးပိုင်အိမ်ပိုင်ဖြစ်ရေးအတွက် လျှော့နည်းအတိုးနှုန်းဖြင့်ချေးငွေထုတ်ချေးကာ ဝယ်ယူလိုသည့် အခန်းတန်ဖိုးငွေကျပ် ရာခိုင်နှုန်း ၃၀ ရှိရုံဖြင့် စာမျက်နှာ ၆ ကော်လံ ၁ ❖

